ကြေးမုံ

The Mirror

Established in 1957

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်၊ တနင်္လာနေ့ (10-3-2014) (၇၇၇၀)

ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

ရှေ့ဆောင်လမ်းပြမှန်ပါမှ လူတော်လူကောင်းများအဖြစ် ပေါ်ထွက်လာနိုင်မည်

မော်လမြိုင် မတ် ၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဦးဌေးအောင်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးရန် ယနေ့နံနက်ပိုင်းတွင် တပ်မတော်အထူးလေယာဉ်ဖြင့် နေပြည်တော်မှ မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ရောက်ရှိကြသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်တက္ကသိုလ် ပင်မဆောင်ခန်းမ၌ မော်လမြိုင်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ပညာရေးကောလိပ်တို့မှ ပါမောက္ခ၊ ဌာနမှူး ဆရာ ဆရာမကြီးများနှင့် တွေ့ဆုံပွဲကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာဌေးအောင်က တက္ကသိုလ်ဆိုင်ရာ အကြောင်းအရာများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် တက္ကသိုလ်၊ ကောလိပ်ဆိုသည်မှာ ပညာ၊ ဗဟုသုတရှာမှီးရင်းစာတွေ့လက်တွေ့လေ့ကျင့်ခန်းကို အပတ်တကုတ် လေ့လာဆည်းပူးသောနေရာဖြစ်ပါကြောင်း၊ ထိုမှသင်ယူပြီး တတ်မြောက်လာမည့် အသိ၊ အတတ်ပညာများဖြင့် လူမှုဝန်းကျင်ထဲသို့ ဝင်ရောက်ကြရမည်ဖြစ်ပါကြောင်း။

တက္ကသိုလ်၊ ကောလိပ် ကျောင်းသား ကျောင်းသူများဆိုသည်မှာ နောင်တစ်ချိန်အနာဂတ်တိုင်းပြည်ကို ဦးဆောင်ဦးရွက်ပြုသွားကြမည့်သူများဖြစ်ပါကြောင်း၊ အနာဂတ်နိုင်ငံ့ခေါင်းဆောင်၊ အနာဂတ်ဝန်ထမ်းများဖြစ်ကြမည့်သူများ၏ အရည်အသွေးသည် ဥယျာဉ်မှူးဖြစ်သော ဆရာ ဆရာမကြီးများ၏ ပြုစုပျိုးထောင်မှုအပေါ် မူတည်ပါကြောင်း။

ပြုစုပျိုးထောင်မှု ဝီရိယရှိလျှင်ရှိသကဲ့သို့၊ ကောင်းလျှင်ကောင်းသကဲ့သို့၊ ညံ့လျှင်ညံ့သကဲ့သို့ ရှင်သန်ကြမည်ဖြစ်သည့်အတွက် ဆရာ ဆရာမကြီးများကိုယ်တိုင် ရှေ့ဆောင်လမ်းပြမှန်ပါမှ လူတော်လူကောင်းများအဖြစ် ပေါ်ထွက်လာနိုင်ကြမည်ဖြစ်ပါကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❂

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မော်လမြိုင်တက္ကသိုလ်၌ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

သတင်းနှင့် ဓာတ်ပုံ
မျိုးဝင်းထွန်း(မုံရွာ)

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြေအောက်ရေတွင်းတူးဖော်ခြင်းနှင့်အတူ မြစ်ရေတင်စနစ်ဖြင့် စဉ်ဆက်မပြတ် ရေရရှိအောင် ဆောင်ရွက်လျက်ရှိ

စစ်ကိုင်း မတ် ၉

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီးရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စစ်ကိုင်းမြို့နယ်၊ မုံရွာမြို့နယ်၊ ရွှေဘိုနှင့် ယင်းမာပင်မြို့နယ်များတွင် ပေ ၃၀၀ မှ ပေ ၁၂၀၀ မြေအောက်ရေတွင်း ၁၀ တွင်းတူးရန် လျာထားပြီး အပူပိုင်းမိုးနည်းရပ်ဝန်းစိမ်းလန်းစိုပြည်ရေးအတွက် ထောက်ပံ့ငွေများရရှိလာလျှင် ၃၄ တွင်း ထပ်မံတူးရန်လျာထားကြောင်း တိုင်းဒေသကြီးရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ယခု ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနအနေဖြင့် ရွှေဘိုခရိုင် ကွန်းလှမြို့နယ် သဖန်းဆိပ်ဆည်ပတ်ဝန်းကျင်ရှိ ဆည်တည်ဆောက်စဉ်က ရွှေ့ပြောင်းပေးရသောရွာများအား နိုင်ငံတော်အစိုးရအဆင့် အစီအစဉ်ဖြင့် ရေ၊ လျှပ်စစ်မီး၊ လူမှုရေး၊ ကျန်းမာရေး ဖွံ့ဖြိုးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ စိုက်ပျိုးရေရရှိစေရေးအတွက် မြေအောက်ရေ စက်ရေတွင်းများကို တူးဖော်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ပြည်ထောင်စုအစိုးရ၏ ကျခံရန်ပုံငွေဖြင့် အဆိုပါ ကွန်းလှဒေသတွင် ခြောက်လက်မ စက်ရေတွင်းနှစ်တွင်း၊ လေးလက်မစက်ရေတွင်းနှစ်တွင်း စုစုပေါင်း လေးတွင်းနှင့် တိုင်းဒေသကြီး အစိုးရရန်ပုံငွေဖြင့် ခြောက်လက်မစက်ရေတွင်း ငါးတွင်းကို နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပန့်ရေတင်စနစ်ဖြင့် စက်တပ်ဆင်ပြီးသည်အထိ ဆောင်ရွက်နိုင်ခဲ့ကြောင်း တိုင်းဒေသကြီး တာဝန်ရှိသူထံမှသိရသည်။

စာမျက်နှာ ၉ ကော်လံ ၅ သို့ ❖

ကြေးမုံစာတည်းရှုထောင့် ၁၀-၃-၂၀၁၄၊ တနင်္လာနေ့

စာကြည့်တိုက်များ

မြန်မာနိုင်ငံစာကြည့်တိုက်မှူးများ၏ ပထမဆုံးအကြိမ် ညီလာခံကို လာမည့် မတ် ၂၂ ရက်နှင့် ၂၃ ရက်နေ့များတွင် ရန်ကုန်သူနာပြု တက္ကသိုလ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သိရသည်။ မျိုးဆက်သစ်လူငယ်များအတွက် ပညာဗဟုသုတများ စုဆောင်းပေးထားရာ စာကြည့်တိုက်များ၏ ပဲ့ကိုင်ရှင် စာကြည့်တိုက်မှူးများ စုံညီတွေ့ဆုံမှုသည် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်မှုအတွက် "အား" တစ်ရပ်ဖြစ်စေမည်မှာ အမှန်ဖြစ်ပါသည်။

အဆိုပါ ညီလာခံတွင် မြန်မာနိုင်ငံစာကြည့်တိုက်မှူးများ အချင်းချင်း အတွေးအမြင် အတွေ့အကြုံများ ဖလှယ်ခြင်း၊ စာကြည့်တိုက်အချင်းချင်း ဝန်ဆောင်မှုများမျှဝေခြင်း၊ စာကြည့်တိုက်မှူးများ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို ရှာဖွေဖော်ထုတ်ခြင်း၊ စာကြည့်တိုက်မှူးအချင်းချင်း ရင်းနှီးချစ်ခင်မှုစသည်ဖြင့် အကျိုးကျေးဇူးများရရှိစေရေး ဦးတည်ချက်ထားခြင်းဖြစ်ကြောင်း သိရသည်။

(၁)Building -အဆောက်အအုံ၊ (၂) Budget -ရန်ပုံငွေ၊ (၃) Brain-စာကြည့်တိုက်မှူး၊ (၄) Books-စာအုပ်များနှင့် (၅) Borrower -စာအုပ်ငှားသူ စာဖတ်သူဟူ၍ ပြီးပြည့်စုံသော စာကြည့်တိုက်တစ်ခု၏ အင်္ဂါရပ်ငါးချက်၊ တစ်နည်း "B" ငါးလုံးတွင် စာကြည့်တိုက်မှူးသည် အခရာ ပဓာနကျပါသည်။ လက်ရှိနိုင်ငံတော်နှင့် အလှူရှင်များ၊ဒေသခံများ စုပေါင်းအားနှင့် ကျပ် ၁၂ ဘီလီယံနီးပါးသုံးစွဲဖွင့်လှစ်ပေးထားသည့် ရပ်/ကျေးစာကြည့်တိုက်ပေါင်း ၅၅၇၅၅ ခု တွင် ပုံမှန်လည်ပတ်လျက်ရှိနေသည့် စာကြည့်တိုက်မှာ ငါးထောင်နှင့် ခုနစ်ထောင်အတွင်းမှာသာ ရှိနေခြင်းသည် တာဝန်ယူထိန်းသိမ်းဖွင့်လှစ်ပေးမည့်စာကြည့်တိုက်မှူးကောင်းများ မရှိ၍ ဖြစ်ပါသည်။ ဤကဲ့သို့ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ကျေးရွာစာကြည့်တိုက်ကော်မတီဖွဲ့၍ ထိန်းသိမ်းထားမှုပြုလုပ်နိုင်သော်လည်း ပုံမှန်ဖွင့်လှစ် အသက်ဝင်မှုမှာ စာကြည့်တိုက်မှူးကောင်းရှိ မရှိက အဆုံးအဖြတ် ဖြစ်သွားရပါသည်။ ရပ်ရွာ၊ကျေးရွာ စာကြည့်တိုက်များ၏ ပကတိအခြေအနေ။

ထိုနည်းတူ မြန်မာတစ်နိုင်ငံလုံးရှိ ထက်၊ လယ်၊ မူ အခြေခံပညာကျောင်းများတွင် ကျောင်းစာကြည့်တိုက်များ ဖွင့်လှစ်ကြပါသည်။ စာအုပ် စာတမ်း၊ ဗီရို၊ စာဖတ်ခန်း၊ စားပွဲ၊ကုလားထိုင်စုံစုံလင်လင်ဖြင့် ဖွဲ့စည်းထားသော်ငြားလည်း ကျောင်းသားများအားထားရာ ပညာဗဟုသုတရှာမှီးရာနေရာ ဖြစ်မလာနိုင်သေးပါ။ ကျောင်းအုပ်၏ စီမံခန့်ခွဲမှု၊ ဆရာအင်အားစသည်ဖြင့် အားနည်းချက်များကြောင့် ကျောင်းစာကြည့်တိုက်များ မှေးမှိန်နေရဆဲဖြစ်ပါသည်။

လက်ရှိ မိမိတို့နိုင်ငံတွင် အမျိုးသားစာကြည့်တိုက်၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ ပြည်သူ့စာကြည့်တိုက်၊ အထူးစာကြည့်တိုက်ဟူ၍ လေးမျိုးခွဲထားကြောင်း သိရသည်။ အမျိုးသားစာကြည့်တိုက်နှစ်ခု (ရန်ကုန်နှင့်နေပြည်တော်) ရှိပြီး တက္ကသိုလ်စာကြည့်တိုက် ၄၈ ခုနှင့် ပြည်သူ့စာကြည့်တိုက် ၄၀၀ ကျော်ရှိကြောင်း သိရသည်။ အဆိုပါ စာကြည့်တိုက်များတွင် စာကြည့်တိုက်မှူးနှစ်ဦးခန့်ထားပေးပြီး လုပ်ငန်းလည်ပတ်နိုင်အောင်စီစဉ်ဆောင်ရွက်ထားကြောင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ရှင်းပြသွားသည်။

စာကြည့်တိုက်ဟူသည် သုတ၊ ရသ စာပေများစုံစုံလင်လင်နှင့် ဖွဲ့တည်ထားရာ မော်ကွန်းတိုက်တစ်ခုဖြစ်သလို အသိအလိမ္မာတိုးစေသည့် ဗဟုသုတဟင်းလေးအိုးပမာ တင်စား၍လည်း ရနိုင်ပါသည်။ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများတွင် နိုင်ငံသားတိုင်းစာပေအစုံဖတ်နိုင်ကြသည့် စာကြည့်တိုက်များကို အလေးအမြတ်ထားတတ်ကြသည်။ မိမိတို့နိုင်ငံတွင်လည်း သမိုင်းအစဉ်အလာနှင့် စာကြည့်တိုက်များတည်ရှိနေဆဲဖြစ်သည်။ ဥပမာ ရန်ကုန်တက္ကသိုလ် ဗဟိုစာကြည့်တိုက်သည် တက္ကသိုလ်ကျောင်းသား ကျောင်းသူလေးများ နောက်ခံထား အမှတ်တရဓာတ်ပုံလာရိုက်နေကြသော သမိုင်းဝင်အဆောက်အအုံ။

စာကြည့်တိုက်တစ်တိုက်၏ ရှင်သန်မှုတွင် စာကြည့်တိုက်မှူးကောင်းက အဓိကကျသလို စာကြည့်တိုက်မှူးကောင်းတစ်ဦးတွင်လည်း စာကြည့်တိုက်တစ်ခု၏ အင်္ဂါရပ် "B"ငါးလုံးကဲ့သို့ (၁) Bright -နိုးကြားတက်ကြွသူ၊ (၂) Beautiful -နှစ်လိုဖွယ်ရုပ်ရည်ပြေပြစ်သူ၊ (၃) Bachelor -လူပျိုလူလွတ်ပညာတတ်၊ (၄) Background -နောက်ပိုင်းလုံခြုံစိတ်အေးရသူ၊ (၅) Book Worm- စာကြမ်းပိုးစာချစ်သူဟူ၍ အင်္ဂါငါးရပ် တစ်နည်း "B" ငါးလုံးနှင့် ပြည့်စုံသူဖြစ်နေပါလျှင် ထိုစာကြည့်တိုက် တိုးတက်အောင်မြင်မည် မုချအမှန်ဖြစ်ပါသည်။

စာကြည့်တိုက်မှူး၏ အင်္ဂါရပ် "B" ငါးလုံးနှင့် မပြည့်စုံနိုင်ငြားလည်း Book Worm တစ်ချက်တည်းနှင့် စာကြည့်တိုက်ကို ထိန်းသိမ်းထားနိုင်ပါသည်။ စာကြည့်တိုက်မှူးကောင်းတစ်ဦး၏ မရှိမဖြစ် အရည်အချင်း အရည်အသွေးတစ်ရပ်မှာ စာကို စွဲစွဲမြဲမြဲ ဖတ်နေသူဖြစ်နေဖို့ လိုအပ်ပါသည်။ စာကြည့်တိုက် အင်္ဂါချက်တွင် စာကြည့်တိုက်မှူးသည် အဓိက ဖြစ်သလို စာကြည့်တိုက်မှူးအင်္ဂါရပ်တွင်လည်း စာကြမ်းပိုး စာချစ်သူ ဖြစ်နေမှုသည်သာ ပဓာနကျပါကြောင်း ခံစားတင်ပြလိုက်ရပါသည်။ ။

(၁၈)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ နေပြည်တော်၌ကျင်းပမည်

သတင်းရယူမည့် မီဒီယာသမားများ မှတ်ပုံတင်ဆောင်ရွက်နိုင်ရေး အသိပေး

နေပြည်တော် မတ် ၉

(၁၈)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေး (18th ASEAN Finance Ministers' Meeting- AFMM)နှင့် ဆက်စပ်အစည်းအဝေးများကို ဧပြီ ၁ ရက်မှ ၅ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပမည်ဖြစ်သည်။

သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း/ပြည်ပသတင်းထောက်များအနေဖြင့် www.asean2014.gov.mm မှ Home Page တွင်ရှိသည့် Upcoming Events ၌ 18th ASEAN Finance Ministers' Meeting (AFMM) ကိုနှိပ်၍ Registration Link ကိုနှိပ်ကာ MEDIA REGISTRATION FORM တွင် ပြည့်စုံစွာဖြည့်စွက်ပြီး Go ပြုလုပ်ရန်၊ မှတ်ပုံတင်ခြင်းကို မတ် ၂၅ ရက်နေ့ နောက်ဆုံးထားဆောင်ရွက်ရန်နှင့် ဝင်/ထွက်ခွင့်ကတ်များထုတ်ပေးခြင်းကို အစည်းအဝေးစတင်သည့် ဧပြီ ၁ ရက် နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာသတင်းထောက်များအနေဖြင့် နီးစပ်ရာသံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ကြောင်းနှင့် အစည်းအဝေးနှင့်ပတ်သက်၍ သိရှိလိုပါက နိုင်ငံတကာဆက်ဆံရေးဌာန ဘဏ္ဍာရေးဝန်ကြီးဌာန ဖုန်း ၀၆၇-၄၁၀၁၉၈ သို့ လည်းကောင်း၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းစာနယ်ဇင်းများ ဝင်/ထွက်ခွင့်ရရှိရေးနှင့်ပတ်သက်၍ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း ၀၆၇-၄၁၂၁၂၆ သို့ လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကွင်းဆင်းဆောင်ရွက်

နေပြည်တော် မတ် ၉

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ရပ်ကွက် ၁၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၈ အုပ်စုတို့တွင် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စီမံချက်များချမှတ်၍ စနစ်တကျဆောင်ရွက်လျက်ရှိရာ မတ် ၆ ရက် နံနက် ၁၀ နာရီက နေပြည်တော်ကောင်စီဝင် ပုဗ္ဗသီရိမြို့နယ်တာဝန်ခံ ဦးသန်းဌေးဦးဆောင်သော ပုဗ္ဗသီရိ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်ကျော်လွင်၊ မြို့နယ်မီးသတ်ဦးစီးမှူး၊ မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီများပါဝင်သော အဖွဲ့သည် ကျည်တောင်ကန် အမှတ်(၁)ရပ်ကွက်အတွင်းရှိ ကျည်တောင်ကန်ဈေးသို့ သွားရောက်၍ ဈေးအတွင်းရှိ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့အတူ နေပြည်တော်ကောင်စီဝင် လယ်ဝေးမြို့နယ်တာဝန်ခံ ဦးမြင့်ဆွေသည် ယင်းနေ့နံနက် ၁၀ နာရီက လယ်ဝေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရှောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် လယ်ဝေးမြို့နယ် ပြည်ဝင်ကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်းတွင် ဒေသခံများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက မီးဘေးလုံခြုံရေးအတွက် ကြိုတင်ဆောင်ရွက်ရမည့် အချက်အလက်များကို လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်ခင်ဆွေဝင်းက ဥပဒေအကြောင်းအရာများကို လည်းကောင်း၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးဝင်းအောင်က ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ရှင်းလင်းပြောကြားခဲ့ပြီး နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေက ဒေသခံများ၏လိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကိုကိုရှူပ(နေပြည်တော်)

မူကြိုရင်သွေးငယ်များ ကာယ၊ ဉာဏစွမ်းရည်ပြိုင်

မအူပင် မတ် ၉

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုအဖွဲ့က ကြီးမှူးကျင်းပသည့် မူကြိုရင်သွေးငယ်များ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲကို မတ် ၆ ရက် နံနက် ၉ နာရီက မအူပင်မြို့ တိုးရွှေဝါခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မအူပင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နန်းစိုးစိုးအေးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အတွင်းရှိ မအူပင်၊ ညောင်တုန်း၊ ပန်းတနော်၊ ဓနုဖြူမြို့နယ်များမှ မူကြိုရင်သွေးငယ်များက ကာယ၊ ဉာဏစွမ်းရည်ပြိုင်ကြရာ မြို့နယ်အလိုက်ဆုများချီးမြှင့်ခြင်း၊ လက်ဆောင်ပစ္စည်းများပေးခြင်းနှင့် လင်းတာရာစတိုးမိသားစုက အာဟာရများကျွေးမွေးကြောင်း သိရသည်။

အောင်နိုင်(ပြန်/ဆက်)

ပြည်တွင်းရေးရာ

ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေး ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ကွင်းဆင်းဆောင်ရွက်

နေပြည်တော် မတ် ၉

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိသော ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးလှမောင်တင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးလှမာန်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လှိုင်တို့နှင့်အတူ မတ် ၈ ရက်တွင် ဂွမြို့နယ်နှင့် သံတွဲမြို့နယ်များအတွင်းရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ရှေးဦးစွာ နံနက်၆ နာရီတွင် ဂွမြို့နယ် ရဟိုင်းကွင်းကျေးရွာသို့ရောက်ရှိပြီး ကျေးရွာများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စဉ်ဆက်မပြတ်ရန်ပုံငွေရရှိရေးတို့အတွက် ကျေးလက်ဘဏ်စနစ်နှင့်အညီ ရေးဆွဲ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဟာရပြည့်ဝစွာ စားသုံးနိုင်ပြီး အလုပ်အကိုင် အခွင့်အလမ်းများရရှိရေးအတွက် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရဟိုင်းကွင်းကျေးရွာအုပ်စုအတွင်းမှ ရဟိုင်းကွင်းကျေးရွာ၊ ကျောင်းကုန်းကျေးရွာ၊ ရဟိုင်းကူးတို့ ကျေးရွာ၊ ကွင်းလျားရှည်နှင့် စည်ပင်ကျေးရွာများ၏ ဖွံ့ဖြိုးရေး လိုအပ်ချက်များဖြစ်သည့် Solar စနစ်ဖြင့် မီးရရှိရေး၊ ချောင်းကူးမြောင်းကူးတံတားများတည်ဆောက်ရေး၊ ကျေးရွာချင်းဆက်လမ်းများ ဆောက်လုပ်ရေး၊ စာသင်ကျောင်းများအတွက် စာသင်ခုံများ၊ ဆရာ ဆရာမ ထိုင်ခုံများ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် ဂွ-ကျိန္တလီလမ်းတစ်လျှောက်ရှိ ကျောက်ကြီး၊ အလယ်ချောင်၊ ညောင်ချောင်း၊ လောင်းကျိုး၊ ကင်းပုံ၊ ဘာလီချောင်၊ ဆပ်သွား၊ ဆားချက်နှင့် ဘိုကလေးကျေးရွာများသို့ရောက်ရှိပြီး ဒေသခံရွာသူ ရွာသားများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညောင်ချောင်း-တင်းတော-ဇီးခုံ ကျေးရွာချင်းဆက်လမ်း၊ ကမ်းသာယာ-မဒြောကြော ကျေးရွာချင်းဆက်လမ်း၊ ဆပ်သွား-စဉ့်ကူး-ဆားချက်ကျေးရွာချင်းဆက်လမ်းနှင့် ဘိုကလေး-လေကြီးချိုင့်-အမေ့-ကျက်သရေကျွန်း ကျေးရွာချင်းဆက်လမ်း၊ လှမ်းတောက်(ကွက်သစ်)-လှမ်းကောက်(ရွာမ) ကျေးရွာချင်းဆက်လမ်း၊ ဆပ်သွား-စဉ့်ကူး-ဆားချက် ကျေးရွာချင်းဆက်လမ်းနှင့် ဘိုကလေး-လေကြီးချိုင့်-အမေ့-ကျက်သရေကျွန်း ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်နိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် လယ်ဧကများစွာ အကျိုးပြုသုံးစွဲလျက်ရှိသည့် ဝေသာလီ-ရေငံကြားတမံ ပြန်လည်ဆည်တင်နိုင်ရေးနှင့် ဘိုကလေး ကိုယ်ထူကိုယ်ထ ရေငံကြားတမံရေထုတ်တံခါးပြုပြင်နိုင်ရေးတို့အတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် သံတွဲမြို့နယ် ပုစွန်ဖြေ၊ သစ်ငုတ်တို၊ ကြည်ပြာ၊ ကျောက်ကြီး၊ ကနစိုး ပေနံရွာသစ် စသည့်ကျေးရွာများသို့ရောက်ရှိပြီး နီးစပ်ရာ ကျေးရွာရပ်စုများ၊ ဒေသခံရွာသူ ရွာသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ထို့နောက် ပုစွန်ဖြေ ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာစာသင်ကျောင်းများအတွက် စာသင်ခုံများ ဖြည့်ဆည်းပေးနိုင်ရေး၊ ခရေကန်-ကျက်သရေကျွန်း-ဘမေ့ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပေးနိုင်ရေး၊ ကနစိုကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများအတွက် အဝီစိတွင်း တူးဖော်ပေးရေး၊ ရေဖြူအိုင်၊ ဇလွန်ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ပေးရေး၊ ဇလွန်တိုက်နယ် ဆေးရုံအတွက် Solar စနစ်သုံးမီးလင်းရေး၊ မွေးမြူရေးအစုအဖွဲ့များ၏ မွေးမြူရေးလိုအပ်ချက်များ ကြိုးကြာ-သာယာကွင်း ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပေးနိုင်ရေး၊ ကျားကိုက်ကျေးရွာအတွက် အဝီစိတွင်းတို့အား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထိုင်းနိုင်ငံသို့ အလုပ်သွားရောက်လုပ်ကိုင်ကြမည့် မြန်မာအလုပ်သမားများအတွက် ဆင်းကတ်များ အခမဲ့ပေးမည်

ရန်ကုန် မတ် ၉

ထိုင်းနိုင်ငံသို့ အလုပ်သွားရောက် အလုပ်လုပ်ကိုင်ကြမည့် မြန်မာအလုပ်သမားများကို မြန်မာနိုင်ငံရှိ မိသားစုများနှင့် အလွယ်တကူ ငွေကုန်ကြေးကျ သက်သာစွာဖြင့် အချိန်မရွေး ဆက်သွယ်ခေါ်ဆိုနိုင်ရန် ရည်ရွယ်၍ အခမဲ့ ဆင်းကတ်များပေးဝေရေးနားလည် မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်း (MoU) ကို ထိုင်းနိုင်ငံရှိ AEC Voice Gateway Company Limited နှင့် Ministry of Labour, Employment and Social Security, Myanmar တို့ ယနေ့ နံနက်ပိုင်းက ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ပြုလုပ်သည်။

ဖုန်းခေါ်ဆိုခသည် တစ်မိနစ်လျှင် ရှစ်ဘတ်နှင့်ပြား ၁၀ ဖြစ်ခြင်းကြောင့် သာမန်ထက်ဖုန်းခေါ်ဆိုခ ပိုမိုသက်သာခြင်း၊ ဖုန်းအသုံးပြုစဉ်အတွင်း လုပ်ငန်းခွင်ထိခိုက်မှုကြောင့်ဖြစ်စေ၊ အကြောင်းတစ်ခုခုကြောင့်ဖြစ်စေ အသက်ဆုံးရှုံးမှုဖြစ်ခဲ့လျှင် အာမခံလျော်ကြေးဘတ် ၅၀၀၀၀ ရရှိနိုင်ခြင်းနှင့် မြန်မာအလုပ်သမားများ အခက်အခဲတစ်စုံတစ်ရာ ဖြစ်ပေါ်ခဲ့ပါက ၎င်းတို့စီစဉ်ပေးထားသော Call Centre မှတစ်ဆင့် ဖုန်းကိုင်သူများအားလုံးထံသို့ မက်ဆေ့ချ်ပို့ကာ အကူအညီတောင်းနိုင်ခြင်းစသည့် အချက်တွေကြောင့် AEC ကုမ္ပဏီကို ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း Myanmar Overseas Employment Agencies Federation ဥက္ကဋ္ဌ ဦးမင်းလှိုင်က ဆိုသည်။

ထိုင်းနိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်ကြမည့် မြန်မာအလုပ်သမားအားလုံးကို Sim Card များအခမဲ့ပေးသွားမည်ဖြစ်ပြီး ငွေဖြည့်ကတ်ကို ဘတ် ၁၀၀ နဲ့ ဝယ်ယူဖြည့်တင်းသုံးစွဲရမည်ဖြစ်သည်။ တစ်လလျှင် မြန်မာအလုပ်သမား ၄၀၀၀ နှင့် ၅၀၀၀ ကြား သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိပြီး ပတ်စ်ပို့ လေးနှစ်သက်တမ်းကုန်၍ သက်တမ်းထပ်မံ တိုးမြှင့်ချိန်တွင်လည်း Sim Card များ ထပ်မံပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာအလုပ်သမားများအနေဖြင့် အခက်အခဲ တစ်စုံတစ်ရာ ပေါ်ပေါက်ခဲ့လျှင်သော်လည်းကောင်း၊ အကူအညီတောင်းခံလိုလျှင်သော်လည်းကောင်း အခမဲ့ရရှိသော Sim Card များဖြင့် အချိန်မရွေး ဆက်သွယ်နိုင်စေရန်အတွက် ပြုလုပ်ပေးခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

AEC ကုမ္ပဏီလီမိတက်၏"သုံးစွဲသူတွေ အကျိုးရှိစေဖို့ ရည်ရွယ်ချက်"ကို အနာဂတ်တွင် ရေရှည်ဆက်လက်ထိန်းသိမ်းသွားနိုင်ရန်မျှော်လင့်ကြောင်း အလုပ်ရုံနှင့် အလုပ်သမား ဥပဒေ စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က ဆိုသည်။

ယခုဖြန့်ဝေပေးမည့် Sim Card သည်သက်တမ်း ခြောက်လ သက်မှတ်ထားပြီး ယခုနှစ်ဧပြီလဆန်းခန့်မှ စတင် အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

(ဆွေဆွေနိုင်-သတင်းစဉ်)

နောက်ကျဂိုးကြောင့် ဇွဲကပင်အသင်းကို ဧယျာရွှေမြေ အမှတ်ခွဲပေးခဲ့ရ

ရန်ကုန် မတ် ၉

MNL Myanmar 2014 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ ပွဲစဉ် (၆) နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့ ညနေပိုင်းက အောင်ဆန်းကွင်းနှင့် သုဝဏ္ဏကွင်းတို့တွင် ကျင်းပသည်။

(အောင်ဆန်းကွင်း)

ဇွဲကပင် - နှစ်ဂိုး

(နိုင်နိုင်ကျော်နှင့် အမီယိုဘီ)

ဧယျာရွှေမြေ - နှစ်ဂိုး

(ချူကွာဇူနှင့် မာတင်)

အမှတ်ပေးဇယားထိပ်ပိုင်းမှ ရတနာပုံအသင်းနှင့် နေပြည်တော်အသင်းတို့ နိုင်ပွဲကို ကိုယ်စီရရှိထားသောကြောင့် ဧယျာရွှေမြေအသင်းမှာ အမှတ်ပြည့်ရရှိရေးကြိုးပမ်းခဲ့သော်လည်း မိနစ် ၈၀ ကျော်တွင် ပေးလိုက်ရသည့်နောက်ကျချေပဂိုးကြောင့်သရေတစ်မှတ်ဖြင့်သာကျေနပ်ခဲ့ရသည်။

ဇွဲကပင်အသင်းမှာ ယခုရာသီတွင် ခြေစွမ်းပိုင်း သိသိသာသာ တက်လာသည့်အလျောက် ဧယျာရွှေမြေအသင်းကို အပြန်အလှန်ကစားနိုင်ခဲ့ပြီး ကိုးမိနစ်တွင် တန်ပြန်တိုက်စစ်မှတစ်ဆင့် နိုင်နိုင်ကျော်က ဦးဆောင်ဂိုးစတင်သွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရ၍ ဧယျာရွှေမြေအသင်း ပြန်ဖိကစားလာပြီး ၁၈ မိနစ်တွင် ချူကွာဇူက ပထမဂိုး၊ ၄၃ မိနစ်တွင် မာတင်က ဒုတိယဂိုးတို့ကို သွင်းယူခဲ့သည်။ ဇွဲကပင်အသင်းအတွက် ချေပဂိုးကို ၈၂ မိနစ်တွင် အမီယိုဘီက သွင်းယူပေးခဲ့သည်။

(သုဝဏ္ဏကွင်း)

ကမ္ဘောဇ - တစ်ဂိုး

(ကင်းမ်)

မနောမြေ - ဂိုးမရှိ

ပွဲစဉ် (၆) အပြီးတွင် ရတနာပုံအသင်းက (၁၆) မှတ်ဖြင့်ပထမ၊ နေပြည်တော်အသင်းက ၁၅ မှတ်ဖြင့် ဒုတိယ၊ ဧယျာရွှေမြေအသင်းက ၁၃ မှတ်ဖြင့် တတိယနေရာတို့တွင် ရပ်တည်နေသည်။

ဧယျာရွှေမြေအသင်းမှ မျိုးမင်းဇော်နှင့် ဇွဲကပင်အသင်းမှ ဂျီနှန်ဘီယန်တို့ အကြိတ်အနယ်။

သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်

မကွေးမြို့နယ် သစ်ရာကောက်လမ်းခွဲတွင် ယာဉ်တိမ်းမှောက်၊ လေးဦးသေ

မကွေး မတ် ၉

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် သစ်ရာကောက်ဈေးရွာ လမ်းခွဲတွင် မတ် ၆ ရက် ည ၁၂ နာရီ ခွဲကမော်တော်ယာဉ်တစ်စီးတိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ မကွေးမြို့နယ် သပွတ်ကျောရွာနေ စိုးတင့်(၃၅)နှစ် မောင်းနှင်သော ၉၄/--- ဖောအပြာရောင်ယာဉ်သည် ခရီးသည်နှင့်ကုန်များတင်ဆောင်၍ မကွေးမှသပွတ်ကျောကျေးရွာသို့ မောင်းနှင်လာစဉ် သစ်ရာကောက်ကိုးပင်လမ်း မိုင်တိုင်အမှတ် (၁၆/၄-၅)ကြား လက်ပန်ရွာသစ်ရွာအနီးတွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ညာဘက်သို့ထိုးကျတိမ်းမှောက်သွားခဲ့သည်။

အခင်းဖြစ်ပွားရာသို့ မိကျောင်းရဲ နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသွားရောက်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်ပါခရီးသည်များအနက် သပွတ်ကျောကျေးရွာနေသူများဖြစ်သည့် ဒေါ်စန်းဝင်း (၄၀)နှစ်၊ ဒေါ်တင်ရင်(၄၅)နှစ်၊ မသင်းသင်းလှ (၁၇)နှစ်၊ မစိန်စိန်(၁၈)နှစ်တို့လေးဦးမှာ သေဆုံးသွားခဲ့ပြီး ယာဉ်မောင်းစိုးတင့်အပါအဝင် ၁၄ ဦးမှာ ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

(မကွေး-လှမြင့်)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ နေပြည်တော်
တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန အောက်ပါလုပ်ငန်း အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းကြရန် ဖိတ်ခေါ် အပ်ပါသည်။

(က) Hybrid IP PBXSystem(Co3+Ext:16)

၂။ အိတ်ဖွင့်တင်ဒါစံနှုန်း စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်) နေပြည်တော်တွင် လာရောက် ထုတ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၄-၃-၂၀၁၄ ရက် ၁၄:၀၀ နာရီတွင် နောက်ဆုံးထား၍ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်) နေပြည်တော်သို့ တင်ဒါ စည်းကမ်းများနှင့် အညီ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၄၄၈၉၊ ၀၆၇-၄၀၄၅၁၆

မလေးရှားခရီးသည်တင်လေယာဉ် နောက်ကြောင်း ပြန်လှည့်ခဲ့ဖွယ်ရှိဟုဆို

ကွာလာလမ်ပူ မတ် ၉

လွန်ခဲ့သည့်တစ်ရက်က ပျောက်ဆုံးသွားခဲ့သော မလေးရှားခရီးသည်တင် လေယာဉ်သည် ရေဒါအချက်ပြသင်္ကေတများအရ နောက်ကြောင်းကို ပြန်လှည့်ခဲ့ပုံရကြောင်း မလေးရှားနိုင်ငံမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် ပျောက်ဆုံးသွားသည့် ခရီးသည်တင် လေယာဉ်အား လတ်တလောတွင် ရှာဖွေရေးဧရိယာကို ချဲ့ထွင်ရှာဖွေလျက်ရှိသည်။

ခိုးယူလာခဲ့သော နိုင်ငံကူးလက်မှတ်နှစ်ခုအားအသုံးပြုကာ အဆိုပါလေယာဉ်နှင့် လိုက်ပါသွားခဲ့သည်ဟု ယုံကြည်ရသည့် ခရီးသည်နှစ်ဦးအပါအဝင် လေယာဉ်စီးခရီးသည်များအား ရိုက်ကူးမှတ်တမ်းတင်ထားသည့် စီစီတီဗွီပုံရိပ်များအား မလေးရှားနိုင်ငံမှ စုံစမ်းစစ်ဆေးသူများက စစ်ဆေးလျက်ရှိနေသည်။

ပျံသန်းရေးခရီးစဉ်အမှတ် အမ်အိတ်ချ်-၃၇၀ ဖြစ်သည့် ကွာလာလမ်ပူမှ ပေကျင်းသို့ ပျံသန်းသော အဆိုပါလေယာဉ်သည် ဗီယက်နမ်နိုင်ငံတောင်ပိုင်း ကမ်းလွန်အရောက်တွင် ခရီးသည် ၂၃၉ နှင့်အတူ ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။ **(ဓါတ်ပုံ)**

တောင်တရုတ်ပင်လယ်ပြင်အတွင်း ၎င်းလေယာဉ်ပျောက်ဆုံးခဲ့သည်ဟုယုံကြည်ရသည့် ဒေသအတွင်းလေကြောင်းနှင့် ရေကြောင်းရှာဖွေကယ်ဆယ်ရေးယာဉ်များက နာရီပေါင်း ၃၀ ကျော်ကြာရှာဖွေကယ်တင်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။

မလေးရှားနိုင်ငံ မြို့ပြလေကြောင်းပျံသန်းရေးအဖွဲ့အကြီးအကဲ အာဇာဟူဒင် အဗ္ဗဒဲလ်ရာမန်က ကွာလာလမ်ပူမြို့၌ ကျင်းပသော သတင်းစာရှင်းလင်းပွဲ၌ လေယာဉ်ပျက်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်လျက်ရှိပြီး ယင်းအထဲတွင် မလေးရှားနိုင်ငံ၏ အနောက်ပိုင်းကမ်းလွန်ဒေသ အထိပါဝင်ကြောင်း ပြောကြားသည်။

ဘီဘီစီ။

သန့်ရှင်းရေးအလုပ်သမားများ သပိတ်မှောက်၍ ရီရိုဒီဂျနေရိုးတွင် အမှိုက်များ တန်ချိန်ချီ၍ စုပုံလျက်ရှိ

ရီရိုဒီဂျနေရိုး မတ် ၉

အာဏာပိုင်များက ဘရာဇီးအလုပ်သမားသမဂ္ဂနှင့် သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း ကြေညာသော်လည်း မြို့တော် လမ်းသန့်ရှင်းရေးအလုပ်သမားတို့က ဆက်လက် သပိတ်မှောက်လျက်ရှိသဖြင့် ရီရိုဒီဂျနေရိုး မြို့တော်တွင် အမှိုက်သရိုက်များမှာ စုပုံလျက်ပင်ရှိကြောင်း မကြာသေးမီက ဘီဘီစီက ပြောကြားခဲ့သည်။

ရာပေါင်းများစွာသော သန့်ရှင်းရေးအလုပ်သမားများသည် မြို့တော်ဝန်၏ရုံး၌ ဆန္ဒပြကြပြီး လုပ်ငန်းခွင် အခြေအနေ ပိုမိုကောင်းမွန်ရန်နှင့် လုပ်ခလစာပိုမိုပေးရန် တောင်းဆိုခဲ့ကြသည်။

၎င်းတို့သည် သမဂ္ဂခေါင်းဆောင်များနှင့် သဘောတူညီမှုရရှိခဲ့ပြီးဖြစ်သည့်အတွက် ရက်ပိုင်းအတွင်း သန့်ရှင်းရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်မည်ဟု မျှော်လင့်ကြောင်း အာဏာပိုင်များက ပြောကြားခဲ့ကြသည်။

သို့သော် အလုပ်သမားအများအပြားက သမဂ္ဂသည် ၎င်းတို့၏ အကျိုးစီးပွားကို ကိုယ်စားမပြုကြဟု ပြောသည်။

မြို့တော်သန့်ရှင်းရေးကုမ္ပဏီ ကွန်လတ်၏ ဥက္ကဋ္ဌက ဖြစ်နိုင်လျှင် မြို့သူမြို့သားများအနေဖြင့် အမှိုက်သရိုက်များကို ၎င်းတို့နေအိမ်မှာပင် သိမ်းထားပေးကြပါရန် မေတ္တာရပ်ခံခဲ့သည်။

လုပ်ငန်းခွင်သို့ မလာရောက်ကြသည့် အလုပ်သမား များကို အလုပ်ထုတ်ပစ်မည်ဟု အာဏာပိုင်များက ခြိမ်းခြောက်သော်လည်း သောကြာနေ့ ဆန္ဒပြပွဲများကြောင့် ရိုင်ယိုမြို့လယ်၌ ယာဉ်သွားယာဉ်လာများ ရပ်တန့်သွားခဲ့သည်။

စည်ပင်သာယာရေးအာဏာပိုင်များက လုပ်ခလစာ ၏ ၉ ရာခိုင်နှုန်းတိုးမြှင့်ပေးမည်ဟု ကမ်းလှမ်းပြီးနောက် သန့်ရှင်းရေးအလုပ်သမား ၁၅၀၀၀ ၏ ခေါင်းဆောင်များနှင့် သဘောတူညီမှုရရှိခဲ့ပြီးပြီဟု တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

တစ်လလျှင် ၃၄၂ အမေရိကန်ဒေါ်လာ စတင်ရရှိကြသော လမ်းသန့်ရှင်းရေး အလုပ်သမားအုပ်စုတစ်စုက တစ်လလျှင် ဒေါ်လာ ၅၀၀ နှင့်ညီမျှသော ဘရာဇီးငွေ ရီးယစ် ၁၂၀၀ နှင့် အခြားအကျိုးခံစားခွင့်များပေးရန် တောင်းဆိုလျက်ရှိသည်။

၎င်းတို့ကို အမှိုက်များကဲ့သို့ သဘောထားပြီးဆက်ဆံကြကြောင်း ၎င်းတို့က ပြောကြားပြီး ဇွန် ၁၂ ရက်တွင်စတင်မည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွင်း ထပ်မံအနှောင့်အယှက်ဖြစ်စေမည်ဟု ခြိမ်းခြောက်ကြသည်။

အချို့သောအလုပ်သမားများက လုံခြုံရေး အစောင့်အရှောက်များဖြင့် သန့်ရှင်းရေးလုပ်ဆောင်လျက်ရှိပြီး အချို့သော သန့်ရှင်းရေးအလုပ်သမားများက ရုံးပိတ်ရက် များတွင် ထပ်မံဆန္ဒပြကြမည်ဟု ကြွေးကြော်လျက်ရှိသည်။ လွန်ခဲ့သည့်ရက်အနည်းငယ်မှ ကာနီဗယ်ပွဲတော်အတွင်း မြို့တော်၌ များစွာသော လမ်းပေါ်မှ ပါတီပွဲများ၊ ဆမ်ဘာကျောင်းများနှင့် ပင်လယ်ကမ်းခြေအပန်းဖြေသွားသူများကြောင့် အမှိုက်သရိုက်များ တန်နှင့်ချီ၍ စုပုံလျက်ရှိသည်။

လမ်းပေါ်၌ အမှိုက်စွန့်ပစ်လေ့ရှိသော ရိုးရာဓလေ့ကြောင့် အခြေအနေပိုမိုဆိုးရွားရခြင်းဖြစ်သည်ဟု သတင်း ထောက်တစ်ဦးက ပြောသည်။

ရိုင်ယိုမြို့တော်ဝန် အက်ဒွါဒိုပေယက်(စ်)သည်ပင် လျှင် လမ်းပေါ်သို့ အမှိုက်ပစ်ခဲ့ခြင်းကို ဗီဒီယိုရိုက်ကူးထားသည်။ မြို့တော်ဝန်က ထိုဖြစ်စဉ်ကို ၎င်းအနေဖြင့် မမှတ်မိတော့ကြောင်း သို့သော် အာဏာပိုင်များက စံပြအဖြစ် ၎င်းကိုဒဏ်ရိုက်ပါရန် တောင်းဆိုခဲ့သည်။

လွန်ခဲ့သည့်နှစ်၌ အစိုးရသည် လမ်းများပေါ်သို့ အမှိုက်သရိုက်များစွန့်ပစ်လျှင် ထိရောက်စွာအရေးယူမည်ဟု ကြေညာခဲ့သည်။

ဘီဘီစီ။

ကာနီဗယ်ပွဲတော်အပြီး ရီရိုဒီဂျနေရိုးမြို့ ပင်လယ်ကမ်းခြေတွင် အမှိုက်များ စုပုံနေသည်ကို တွေ့ရစဉ်။

အီရတ်ဝန်ကြီးတစ်ဦး၏သားကျန်ခဲ့၍ လက်ဘနွန်လေယာဉ်ဘဂ္ဂဒက်သို့ဆင်းခွင့်မရ

ဘဂ္ဂဒက် မတ် ၉

အီရတ် သယ်ယူပို့ဆောင်ရေးဝန်ကြီး၏သား မပါရှိဘဲလျက် လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့မှ အီရတ်သို့ ထွက်ခွာလာသော လေယာဉ်တစ်စင်းကို ညသန်းခေါင်အချိန်၌ နောက်ကြောင်းပြန်လှည့်ရန် အမိန့်ပေးသည့်ဖြစ်စဉ်အတွက် ဘဂ္ဂဒက်လေဆိပ်ဒုတိယအကြီးအကဲကို ဖမ်းဆီးခဲ့ကြောင်း ဝန်ကြီးချုပ်၏ ပြောရေးဆိုခွင့်ရှိသူက မတ် ၇ ရက်တွင် ပြောကြားခဲ့သည်။

ဆာမာကူးဗား၏ လုပ်ဆောင်ချက်သည် မှားယွင်းပြီး အီရတ်နိုင်ငံ၏ဂုဏ်သိက္ခာကို ထိခိုက်စေသဖြင့် ၎င်းကို ဖမ်းဆီးခဲ့ရခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ် နူရိအဲလ်-မာလီကီ၏ ပြောရေးဆိုခွင့်ရှိသူ အလီမူဆာဝီက အေအက်ဖ်ပီသို့ ပြောခဲ့သည်။

ဝန်ကြီးချုပ်သို့ တိုက်ရိုက်အစီရင်ခံရသည့် တပ်ဖွဲ့က မတ် ၆ရက်၌ ဖမ်းဆီးခဲ့သော ကူးဗားသည် အဆိုပါဖြစ်စဉ်တွင် အဓိကအခန်းကဏ္ဍမှပါဝင်ခဲ့သည်ဟု ယူဆရသော်လည်း ရှင်းရှင်းလင်းလင်းမရှိပေ။

လက်ဘနွန်နိုင်ငံ၏ အရှေ့အလယ်ပိုင်း လေကြောင်းလိုင်း(အမ်အီးအေ)ကမတ် ၆ရက်နေ့၌ ပြောကြားရာတွင် အီရတ်သယ်ယူပို့ဆောင်ရေးဝန်ကြီး ဟာဒီအဲလ်-အမီရီ၏သား မက်ဒီသည် လေယာဉ်ထွက်ချိန်မမီ၍ ကျန်ရစ်ခဲ့သဖြင့် ဘဂ္ဂဒက်သို့ပျံသန်းလာသော ၎င်းတို့၏ လေယာဉ်သည် ဘေရွတ်မြို့မှ ထွက်ခွာလာပြီး မိနစ် ၂၀ အကြာတွင် နောက်ကြောင်းပြန်လှည့်ခဲ့ရပါသည်ဟု ဆိုသည်။

၎င်းတို့သည် အသံချဲ့စက်ဖြင့် ခရီးသည်နှစ်ဦးကို အကြိမ်ကြိမ်ခေါ်ဆိုသော်လည်း ၎င်းနှစ်ဦးမှာရောက်ရှိလာခြင်းမရှိသည့်အတွက် သတ်မှတ်ချိန်ထက် မိနစ်အတန်ကြာနောက်ကျပြီးမှ လေယာဉ်ထွက်ခွာခဲ့ရကြောင်း အမ်အီးအေက ပြောသည်။

ဘေရွတ်မှထွက်ခွာ၍ မိနစ်၂၀ခန့်အကြာတွင် လေယာဉ်ပေါ်၌ ခရီးသည်တစ်ဦးမပါလာခဲ့လျှင် လေယာဉ်ကို ဘဂ္ဂဒက်လေဆိပ်သို့ ဆင်းသက်ရန် ဘဂ္ဂဒက်မြို့ပြ လေကြောင်းတာဝန်ရှိသူများက ခွင့်ပြုမည်မဟုတ်ကြောင်း အမ်အီးအေသို့၎င်း၏ဘဂ္ဂဒက်ရုံးမှအကြောင်းကြားလာခဲ့သည်။

လေယာဉ်ထွက်ချိန်မမီ၍ ကျန်ရစ်ခဲ့သည့် ခရီးသည်မှာ မက်ဒီအဲလ်-အမီရီဖြစ်သည်ဟု သိရှိရပြီး လေယာဉ်ကို ဘေရွတ်မြို့သို့ လှည့်ပြန်ခဲ့ရသည်။

ယင်းသို့ဖြစ်ခဲ့ပြီးနောက် ဝန်ကြီးချုပ် မာလီကီက ဘေရွတ်မှ ပျံသန်းလာသည့် လေယာဉ်ကို ဘဂ္ဂဒက်၌ ဆင်းသက်ရန် တားမြစ်ခဲ့ရာ၌ တာဝန်ရှိသူအားလုံးကို အလုပ်မှ ထုတ်ပယ်မည်ဖြစ်ပြီး ထိုသူအားလုံးတွင်သာ တာဝန်ရှိစေရမည်ဟု အမိန့်ထုတ်ခဲ့ကြောင်း မူဆာဝီက ပြောကြားသည်။

သယ်ယူပို့ဆောင်ရေး ဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူက မဟုတ်မမှန်ကြောင်း ငြင်းဆိုခဲ့သည်။

အေအက်ဖ်ပီ။

အာဖဂန်နစ္စတန်ဒုတိယသမ္မတ မိုဟာမက်ကာဆင်ဖာဟာမ်းကွယ်လွန်

ကဘူးလ် မတ် ၉

အာဖဂန်နစ္စတန်နိုင်ငံ၏ ဒုတိယသမ္မတနှစ်ဦးအနက်မှ တစ်ဦးဖြစ်သူမာရှယ်မိုဟာမက်ကာဆင်ဖာဟာမ်းသည် အသက် (၅၇) နှစ်အရွယ်တွင် ဓမ္မတာအတိုင်းရောဂါ ဝေဒနာခံစားရကာ ကွယ်လွန်သွားသည်ဟု အာဖဂန် အစိုးရပြောရေးဆိုခွင့်ရှိသူက ပြောကြားကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်

၎င်းကွယ်လွန်သွားခြင်းအတွက် အာဖဂန်နစ္စတန် နိုင်ငံအစိုးရက ဝမ်းနည်းကြေကွဲခြင်းကာလ သုံးရက်သတ်မှတ်ကြောင်းနှင့် ယင်းရက်များအတွင်း အာဖဂန်နစ္စတန် နိုင်ငံအလံအား တိုင်ဝက်လွှင့်ထူရန် ကြေညာချက်ထုတ်ပြန် သည်။

မာရှယ်မိုဟာမက်ကာဆင်ဖာဟာမ်းသည် အာဖဂန်နစ္စတန်နိုင်ငံမှ တာဂျက်လူနည်းစုမျိုးနွယ်စုခေါင်းဆောင် ဖြစ်ပြီး အတိတ်ကာလက စစ်ဘုရင်တစ်ဦးလည်းဖြစ်သည်။

၎င်းသည် ၂၀၀၁ ခုနှစ်အတွင်းက အာဖဂန်နစ္စတန် နိုင်ငံအတွင်း တာလီဘန်အစိုးရအုပ်စိုးမှုအား ဖယ်ရှား ခဲ့သည့် မဟာမိတ်အုပ်စုတွင် ပါဝင်ခဲ့ပြီး ယင်းကာလ အာဖဂန်အစိုးရလက်ထက်တွင် ကာကွယ်ရေးဝန်ကြီး တာဝန်ကို ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၉ ခုနှစ်တွင် အာဖဂန်နစ္စတန်နိုင်ငံ၏ ဒုတိယသမ္မတအဖြစ် စတင် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

ဘီဘီစီ။

ဣန္ဒိလိုတရ မြို့ပိုင်ဆုတောင်းပြည့် ရတနာပန္နက်တော်တင်နှင့် တွင်းတော်ဝန်း မင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၉

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် သန္ဓေပင်ကျေးရွာအုပ်စု ပိန္နဲကုန်းကျေးရွာ ဣန္ဒိနန္ဒာရာမ ပရိယတ်၊ ပဋိပတ်ကျောင်းတိုက်အတွင်း တည်ထားမည့် ဣန္ဒိလိုတရ မြို့ပိုင်ဆုတောင်းပြည့်စေတီတော် ရတနာပန္နက်တော်တင်နှင့် တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါမင်္ဂလာနေရာ၌ ကျင်းပသည်။**(ဓာတ်ပုံ)**

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသအဘိဇ မဟာရဋ္ဌဂုရု၊ အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ထံမှ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်များက ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့်ဇနီးနှင့် တာဝန်ရှိသူများ၊ ရွှေသံလွင်ကုမ္ပဏီနာယက အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နီတို့က ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ထံမှ အနုမောဒနာတရားနာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ငါးထပ်ကြီးဘုရား မဟာဝိဇယျသိမ်တော်ကြီး ဘက်စုံမွမ်းမံရန် အလှူငွေများလှူဒါန်း

နေပြည်တော် မတ် ၉

ပဲခူးတိုင်းဒေသကြီး ကညွတ်ကွင်းမြို့ရှိ ငါးထပ်ကြီးဘုရား မဟာဝိဇယျသိမ်တော်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်နှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကျင်းပရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက ငွေကျပ်သိန်း ၂၀၊ ဒေါ်နီနီချိုမိသားစု (ရန်ကုန်)က ငွေကျပ် ၁၂၂ သိန်း၊ ဦးအောင်ဝင်းမိသားစု(ရောင်နီဦးကုမ္ပဏီလီမိတက်)က ငွေကျပ် ၄၅ သိန်း စုစုပေါင်း ငွေကျပ် ၁၈၇ သိန်း ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ကညွတ်ကွင်းမြို့ရှိ ဆရာတော် သံဃာတော် ၁၁ ပါးအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

သန်းခေါင်စာရင်း ကောက်ယူခြင်း တာဝန်ပေးအပ်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၉

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် မတ် ၇ ရက် နံနက်က ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း တာဝန်ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး ဦးသိန်းဌေးက လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ် MTV၊ လှပသော အနာဂတ် ဇာတ်လမ်းတိုနှင့် ပြည်လုံးကျွတ် သန်းခေါင်စာရင်းအချိန် သီချင်းအား Projector ဖြင့် ပြသသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဝန်ကြီးချုပ်က ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးများသို့ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို တာဝန်များပေးအပ်ခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ **(သတင်းစဉ်)**

စိုက်ပျိုးရေးလုပ်ကိုင်သူများနှင့် မြေသြဇာလုပ်ငန်းလုပ်ကိုင်သူများ သိရှိစေရန် အသိပေးကြေညာချက်

မြေသြဇာကော်မတီသည် အရည်အသွေးပြည့်ဝပြီး စံချိန်စံညွှန်းပြည့်မီသော မြေသြဇာများကို စိုက်ပျိုးရေးလုပ်ကိုင်သူများ သုံးစွဲနိုင်ရန် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများ စနစ်တကျပြုလုပ်ပြီး မြေသြဇာမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးလျက်ရှိပါသည်။

- ယခုအခါတွင် ဈေးကွက်အတွင်း မြေသြဇာဖြန့်ဖြူးရောင်းချခွင့်လိုင်စင်မရှိဘဲ ဖြန့်ဖြူးရောင်းချနေသူများ၊ မြေသြဇာမှတ်ပုံတင်လက်မှတ်မရှိသော မြေသြဇာများကို ရောင်းဝယ်မှုများရှိနေကြောင်း သိရှိရပါသည်။
- အောက်ဖော်ပြပါ မြေသြဇာများမှာ မြေသြဇာကော်မတီတွင် မှတ်ပုံတင်ထားခြင်းမရှိသဖြင့် အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီမှု အာမခံချက်မရှိကြောင်း အသိပေးအပ်ပါသည်။
- ယင်းမြေသြဇာများကို ဝယ်ယူသုံးစွဲမိသူများမှာ သီးနှံအထွက်နှုန်းများ ထိခိုက်လျော့နည်းပြီး သုံးစွဲသူများအတွက် စီးပွားရေးတွက်ခြေမကိုက်ဘဲ ဆုံးရှုံးနစ်နာမှုများဖြစ်နိုင်သဖြင့် မြေသြဇာကော်မတီတွင် မှတ်ပုံတင်ထားသော မြေသြဇာများကိုသာ ဝယ်ယူသုံးစွဲရန် တိုက်တွန်းအပ်ပါသည်။
- မြေသြဇာထုတ်လုပ်၊ တင်သွင်းသည့် ကုမ္ပဏီလုပ်ငန်းများ၊ မြေသြဇာရောင်းချသည့် အရောင်းဆိုင်များသည် မြေသြဇာကော်မတီတွင် မှတ်ပုံတင်သွင်းထားခြင်းမရှိသော မြေသြဇာများကိုထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက မြေသြဇာဥပဒေပုဒ်မ (၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၅)တို့အရ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေသြဇာကော်မတီ

မြေသြဇာမှတ်ပုံတင်လက်မှတ်မရှိသော မြေသြဇာများစာရင်း

စဉ်	မြေသြဇာအမည်	ဖော်ပြထားသောစံချိန်စံညွှန်း	တွေ့ရှိရာဒေသ
၁။	နတ်သမီးCompound (ထိုင်းစာ)	(N:20%,P_2O_5:8%, K_2O:20%	မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။
၂။	Scorpion နှင့် ရော်ဘာပင်ပုံ (ရွှေရောင်အိတ်)		မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။
၃။	Yaramila	(N:14%,P_2O_5:14%, K_2O:21%	ထားဝယ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။
၄။	ရွှေလင်းနို့ သဘာဝ ရွက်ဖျန်းအားဆေး		ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။
၅။	Zezhou	(N:46%)	တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

မြိတ်ခရိုင်ရှိ တိုင်းရင်းသားရေးရာကော်မတီဝင်များ၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ အသင်းအဖွဲ့ များနှင့်တွေ့ဆုံ

နေပြည်တော် မတ် ၉

ပြည်ထောင်စုအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဆပ်ကော်မတီ (Delivery Unit)ဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်းသည် မတ် ၇ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ မြိတ်ခရိုင်ရှိ တိုင်းရင်းသားရေးရာကော်မတီဝင်များ၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ အသင်းအဖွဲ့များနှင့်တွေ့ဆုံ၍ တိုင်းရင်းသားရေးရာဆပ်ကော်မတီ (Delivery Unit) ဖွဲ့စည်းပုံ၊ ရည်ရွယ်ချက်နှင့် တိုင်းရင်းသားရေးရာဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဟာဗီ၊ တိုင်းရင်းသား ကိုယ်စားလှယ်များနှင့် စာပေယဉ်ကျေးမှုအဖွဲ့များ၊ ခရိုင်/မြို့နယ် စီမံခန့်ခွဲမှုကော်မတီ၊ အထောက်အကူပြုကော်မတီဝင်များက အကြံပြုဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးနှင့်အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြိတ်မြို့အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း အိပ်ဆောင်နှင့် ထမင်းစားဆောင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် မတ် ၈ ရက်တွင် အောင်မင်္ဂလာကျောင်း ကျောင်းဆောင်နှင့် ကုန်းဖောက်တံတားတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလုပ်အကျွေးပြုလိုသည့် ဆန္ဒနှင့် တုံ့ပြန်စေတနာ

စေတနာမောင်

ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ရုပ်သံလိုင်းများစွာကြည့်ရှုနိုင်ရန် တောင်းဆိုချက်၊ လိုအပ်ချက်များရှိလာပြီဖြစ်ပါသည်။ သို့ဖြစ်၍ ဦးစွာနည်းပညာပြောင်းလဲနိုင်ရန် Analogue စနစ်မှ Digital ရုပ်သံထုတ်လွှင့်စနစ်ဖြစ်သည့် DVB-T2 စနစ်သို့ ကူးပြောင်းထုတ်လွှင့်ခြင်းကို ၁၅-၉-၂၀၁၃ ရက်နေ့မှ စတင်စမ်းသပ်ထုတ်လွှင့်ခဲ့ပြီး ၁၅-၁၀-၂၀၁၃ ရက်နေ့မှစ၍ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့၌ ပုံမှန်ထုတ်လွှင့်နေပြီ ဖြစ်ပါသည်။ ထိုသို့ထုတ်လွှင့်ရာတွင် တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းတစ်လိုင်း၊ လွှတ်တော်ရုပ်သံလိုင်းတစ်လိုင်းနှင့် တောင်သူလယ်သမားကဏ္ဍရုပ်သံလိုင်းတစ်လိုင်းပါထည့်သွင်းဆောင်ရွက်လျက်ရှိပါသည်။ ကျန်ရှိသည့် မြို့ကြီးများသို့ ရုပ်သံလိုင်းများ တိုးချဲ့ထုတ်လွှင့်နိုင်ရေး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ အာဆီယံ Digital စနစ် ကူးပြောင်းရေးလမ်းပြမြေပုံအတိုင်း ၂၀၂၀ ခုနှစ်တွင် Analogue စနစ်လုံးဝဖျက်သိမ်းနိုင်ရေး အဆင့်ဆင့်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

Analogue Switch Off လုပ်ငန်းစဉ်အတွက် Digital လွှင့်စက်များပြောင်းလဲတပ်ဆင်ခြင်း၊ Analogue စနစ်မှ Digital စနစ်သို့ ပြောင်းလဲထုတ်လွှင့်မည့် နယ်မြေများရှိ အခြေခံလူမှုအဖွဲ့အစည်းများနှင့် မိသားစုများ Digital TV အစီအစဉ်များ ဖမ်းယူကြည့်ရှုနိုင်ရန်အတွက် Set Top Box များ ဝယ်ယူ၍ အခမဲ့ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

Digital စနစ်ကို ထုတ်လွှင့်ခြင်းဖြင့် ရုပ်သံအရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ လွှင့်စက်တစ်လုံးတည်းမှ ရုပ်သံလိုင်း ၁၅ လိုင်းမှ ၁၆ လိုင်းအထိ ထုတ်လွှင့်ပေးနိုင်သဖြင့် ချန်နယ်များများ ကြည့်ရှုခွင့်ရရှိခြင်း စသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ပါသည်။ ထို့ပြင် Digital စနစ်ဖြင့် ထုတ်လွှင့်သည့် ရုပ်သံသည် လွှင့်အားတူညီသည့်တိုင် Analogue စနစ်ဖြင့် ထုတ်လွှင့်သည့် ရုပ်သံထက် အဝေးသို့ပိုမိုရောက်ရှိပျံ့နှံ့နိုင်သည့် အကျိုးကျေးဇူးလည်း ရရှိနိုင်ပါသည်။

ထိုသို့ Digital စနစ်ပြောင်းလဲခြင်းကို အဆင့်အလိုက် ဘဏ္ဍာရေးနှစ်အလိုက် အဆင့်(၅)ဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ပထမအဆင့်အဖြစ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် နေပြည်တော်(ပျဉ်းမနား၊ တပ်ကုန်း)၊ ရန်ကုန်၊ မန္တလေး(စစ်ကိုင်း) စသည့် မြို့ကြီးများရှိ စက်ရုံများတွင် ပြောင်းလဲဆောင်ရွက်ခဲ့ပြီးဖြစ်ရာ ၁၅-၁၀-၂၀၁၃ ရက်နေ့မှစ၍ Digital စနစ်ဖြင့် စတင်ထုတ်လွှင့်နေပြီဖြစ်ပါသည်။ ဆက်လက်၍ ယခုဘဏ္ဍာနှစ်တွင် မြစ်ကြီးနား၊ တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုး၊ စစ်တွေ၊ မင်းဘူး၊ ကလေး(ကနေဒီ)၊ ဖလမ်း၊ ပုပ္ပား၊ မိတ္ထီလာ၊ တောင်ငူ၊ ညောင်လေးပင်၊ ပဲခူး၊ ပြည်၊ လွိုင်ကော်၊ မော်လမြိုင်၊ ဘားအံ၊ ကျောင်းကုန်း၊ ပုသိမ်၊ ဟသ်ာတ၊ ထားဝယ်၊ မုံရွာ စသည့်မြို့ကြီး ၂၂ မြို့နယ်ရှိ စက်ရုံများတွင် ပြောင်းလဲဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိတွင် အဆိုပါ စက်ရုံ ၂၂ ရုံအနက် မော်လမြိုင်၊ ဘားအံ၊ မိတ္ထီလာ၊ တောင်ငူ၊ တောင်ကြီး၊ ပုသိမ်၊ ကျောင်းကုန်း၊ မင်းဘူး၊ ပုပ္ပားစသည့် မြို့ကြီး ကိုးမြို့၌ Digital စနစ်ဖြင့် ထုတ်လွှင့်ပေးလျက်ရှိပြီး ကျန်ရှိသည့်စက်ရုံများအနက် စစ်တွေနှင့်ပြည်စက်ရုံများတွင် စက်ပစ္စည်းတပ်ဆင်မှုများ ဆောင်ရွက်လျက်ရှိပါသည်။

ဖော်ပြပါ ပထမနှင့် ဒုတိယအဆင့်အဖြစ် Digital စနစ်သို့ DVB-T2 နည်းပညာအသစ်အသုံးပြု၍ မဖြစ်မနေ ပြောင်းလဲထုတ်လွှင့်သည့် နယ်မြေအတွင်း ရုပ်မြင်သံကြားအစီအစဉ်များကို ကြည့်ရှုနိုင်ရန်အတွက် နိုင်ငံတော်နည်းတူ ရုပ်မြင်သံကြားပရိသတ်ပြည်သူများဘက်ကလည်း စိုက်ထုတ်ကျခံရမည့်စရိတ်များရှိလာပါသည်။ အဆိုပါ စိုက်ထုတ်ရမည့်စရိတ်များကို မတတ်နိုင်သဖြင့် ကြည့်ရှုခွင့်ဆုံးရှုံးမှုမဖြစ်စေရန်အတွက် အခြေခံလိုအပ်ချက်ဖြစ်သော Set Top Box ရရှိရေးတွင် နိုင်ငံတော်အစိုးရက တတ်နိုင်သမျှ သင့်လျော်သလိုထောက်ပံ့ပေးရန်စီမံပြင်ဆင်ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ထောက်ပံ့ပေးနိုင်ရေး လိုအပ်သည့်အိမ်ထောင်စုများ သတ်မှတ်ပေးနိုင်ရန် စစ်တမ်းကောက်ယူခြင်းလုပ်ငန်းကို Myanmar Media Research and Development Researching Centre (MMRD)က ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်။

စစ်ဆေးတွေ့ရှိချက်များနှင့် ကောက်ယူရရှိသော စစ်တမ်းများအရ အိမ်ထောင်စုတစ်စု၏တစ်လဝင်ငွေ ကျပ်တစ်သိန်းငါးသောင်းအောက်ရှိပြီး ရုပ်မြင်သံကြားဖမ်းစက်တစ်လုံး ပိုင်ဆိုင်သော်လည်း သစ်သား၊ ဝါး၊ ဓနိ/သက်ငယ်မိုးအိမ်များတွင်နေထိုင်သော အိမ်ထောင်စုများ၊ လူမှုအသိုက်အဝန်းအဖွဲ့အစည်းဖြစ်ပြီး စီးပွားဖြစ်မဟုတ်သော ဆေးရုံ၊ ဆေးခန်း၊ စာသင်ကျောင်း၊ အများပြည်သူကြည့်ရှုရန်နေရာ၊ မိဘမဲ့ဂေဟာ၊ လူအိုရုံ၊ မသန်စွမ်းကျောင်း၊ ပြည်သူ့စာကြည့်တိုက်၊ သိပ္ပံ/ကောလိပ်/တက္ကသိုလ်၊ သာရေး၊ နာရေး၊ လူမှုရေးအသင်းများကို DVB-T2 Set Top Box တစ်လုံးစီ အခမဲ့ပံ့ပိုးပေးရန် စီစဉ်ခဲ့ပါသည်။

ထိုသို့ အခမဲ့ဖြန့်ဝေပေးနိုင်စွမ်းအရ ပထမအဆင့်ရုပ်သံထုတ်လွှင့်စက်ရုံသုံးရုံနှင့် ဒုတိယအဆင့်စက်ရုံ ၂၂ ရုံတို့မှ ထုတ်လွှင့်သော ရုပ်မြင်သံကြား အစီအစဉ်များကို ဖမ်းယူနိုင်စွမ်းရှိသော မြို့နယ်များအတွင်း Set Top Box အခမဲ့ပံ့ပိုးဖြန့်ဝေပေးရမည့် လူမှုအသိုက်အဝန်း ၃၉၇၆၀ နှင့် အိမ်ထောင်စု ၂၆၅၁၈၄ စုစုပေါင်း ၃၀၄၉၄၄ ရှိကြောင်း တွက်ချက်ရရှိပါသည်။

ယခု ပထမနှင့်ဒုတိယအဆင့်တွင်ပါဝင်သည့် လွှင့်အားကြီးမားသော စက်ရုံ ၂၅ ရုံ၏ လွှင့်အားလွှမ်းခြုံနိုင်မှုသည် နိုင်ငံတော်လူဦးရေ၏ ၆၅ ရာခိုင်နှုန်းရှိပါသည်။ တစ်နည်းဆိုရလျှင် ရုပ်မြင်သံကြားဖမ်းယူကြည့်ရှုနိုင်မည့် လူဦးရေစုစုပေါင်းမှာ ၃၉၇၇၈၀၆၈ ဖြစ်သည်။ ဤပမာဏသည် မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်ရှိပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်သည် ၂၀၁၄ ခုနှစ် ဇူလိုင်လမတိုင်မီ Digital စနစ်ဖြင့် ရုပ်မြင်သံကြားဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ပထမနှင့်ဒုတိယအဆင့်အတွက် Set Top Box စုစုပေါင်း ၃၀၄၉၄၄ လုံးကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း အပြီးဖြန့်ဝေပေးရန်စီစဉ်ထားပြီး ယနေ့အထိ ၁၅၉၅၆၉ လုံးဖြန့်ဝေပြီးဖြစ်ကြောင်းသိရှိရပါသည်။

ဤပြောင်းလဲမှုဖြစ်စဉ်တွင် ကျန်ရှိသည့်စက်ရုံ ၂၃၂ ရုံကို Digital စနစ်ပြောင်းလဲရေးနှင့်ပတ်သက်၍ တတိယအဆင့်အဖြစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၌ စက်ရုံ ၅၆ ရုံ၊ စတုတ္ထအဆင့်အဖြစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၌ စက်ရုံ ၁၁၀၊ ပဉ္စမအဆင့်အဖြစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၌ စက်ရုံ ၆၆ ရုံအပြီးဆောင်ရွက်ရန် လျာထားပါသည်။

ပြည်သူ့ဗဟိုပြုမူဝါဒအရ ယခုကဲ့သို့ Set Top Box များ ကျေးလက်ဒေသများသို့ပျံ့နှံ့ရောက်ရှိပြီး အရည်အသွေးနှင့်အနှစ်သာရပြည့်စုံသည့် ရုပ်သံအစီအစဉ်များကို ကျေးလက်နေပြည်သူများအခမဲ့ဖမ်းယူကြည့်ရှုနိုင်ခြင်းဖြင့် ၎င်းတို့၏ လူမှုစီးပွားဘဝတိုးတက်ရေးကို အထောက်အကူပြုမည့် သတင်းအချက်အလက်များရရှိနိုင်ပြီး ယင်းသတင်းအချက်အလက်များ၊ နည်းပညာများကို လက်တွေ့အသုံးချနိုင်ခြင်းအားဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ကာ ဆင်းရဲမှုလျော့ကျလာနိုင်သည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။ တစ်နည်းဆိုရသော် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်သည့် လုပ်ငန်းစဉ်တစ်ရပ်လည်းဖြစ်ပါသည်။

ရုပ်သံလိုင်းငါးခုဖြစ်သည့် MRTV, MITV, Farmer Channel, Hluttaw Channel, National Races Channel တို့အပြင် မြဝတီရုပ်သံလိုင်းခုနစ်လိုင်းနှင့် Forever ရုပ်သံလိုင်းလေးလိုင်းတို့ကိုပါ DVB- T2 Set Top Box ဖြင့်ကြည့်ရှုနိုင်သဖြင့် စုစုပေါင်း အခမဲ့ရုပ်သံလိုင်း ၁၆လိုင်း ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါသည်။

Digital စနစ်စတင်ကျင့်သုံးထုတ်လွှင့်သည့် စက်ရုံသည် (၃)နှစ်ပြည့်မြောက်ချိန်တွင် Analogue စနစ်ကို ရပ်ဆိုင်းမည်ဖြစ်ပါသည်။ ထိုကာလအတွင်း DVB-T2 Set Top Box မရှိသေးသော ပရိသတ်များအနေဖြင့် MRTV ရုပ်သံလိုင်းကို လက်ရှိအတိုင်းဆက်လက်ကြည့်ရှုနိုင်ပါသည်။ သို့ဖြစ်ရာ Set Top Box မရှိသေးသူများအနေဖြင့် Digital နှင့် Analogue စနစ်တစ်ပြိုင်တည်းထုတ်လွှင့်နေစဉ် Set Top Box ပိုင်ဆိုင်ထားနိုင်ရေး ပြင်ဆင်ထားရန်လိုအပ်ပါသည်။

နိုင်ငံတကာတွင် ပြောင်းလဲတိုးတက်လျက်ရှိသော Digital နည်းပညာ၊ နိုင်ငံတကာရုပ်သံလွှင့်လုပ်ငန်းများကို Digital စနစ်သို့ ပြောင်းလဲရန် International Telecommunication Union ၏ဆုံးဖြတ်ချက်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများကို Digital စနစ်ဖြင့်ပြောင်းလဲထုတ်လွှင့်ရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်နေမှု၊ အများပြည်သူအတွက် အရည်အသွေးကောင်းမွန်စွာဖြင့် ရုပ်သံထုတ်လွှင့်ဝန်ဆောင်မှုပေးလိုခြင်းတို့ကြောင့် နောက်ဆုံးပေါ် နည်းပညာတစ်ခုဖြစ်သော DVB-T2 စနစ်ကိုစတင်ပြောင်းလဲကျင့်သုံးရန်နှင့် အခမဲ့ကြည့်ရှုနိုင်ရန် ယခုကဲ့သို့စီစဉ်ဆောင်ရွက်ရခြင်းဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် Analogue စနစ်မှ Digital စနစ်သို့ပြောင်းလဲမှုလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် Globalization Process ၌ နိုင်ငံတစ်နိုင်ငံအနေဖြင့် ဂုဏ်သိက္ခာအရသော်လည်းကောင်း၊ မဖြစ်မနေလိုက်ပါလုပ်ဆောင်ရသည့် အနေအထားအရသော်လည်းကောင်း ငွေကြေးကုန်ကျမှုများစွာသုံးစွဲကာ အချိန်မီကူးပြောင်းရခြင်းဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတကာစံနှုန်းများနှင့်အညီ ပြည်သူကိုဗဟိုပြုလျက် တတ်နိုင်သမျှပံ့ပိုးပေးရန် စီမံဆောင်ရွက်ခဲ့ပါသည်။ ဤသည်မှာ မီဒီယာဝန်ဆောင်မှုလုပ်ငန်းဖြင့် ၁၉၈၀ ပြည့်နှစ်မှစ၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ဆန္ဒနှင့်ပြည်သူအပေါ် တုံ့ပြန်သည့်စေတနာဟုဆိုနိုင်ပါသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်လျက်ရှိသော နိုင်ငံများသည်ပင်လျှင် Analogueစနစ်ဖျက်သိမ်းရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်ရာတွင် ပြည်သူများပါဝင်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်သာ အောင်မြင်စွာကူးပြောင်းနိုင်ပါကြောင်း။ ။

DVB-T2 Set Top Box

ပြည်သူ့ဗဟိုပြုမူဝါဒအရ ယခုကဲ့သို့ Set Top Box များ ကျေးလက်ဒေသများသို့ပျံ့နှံ့ရောက်ရှိပြီး အရည်အသွေးနှင့်အနှစ်သာရပြည့်စုံသည့် ရုပ်သံအစီအစဉ်များကို ကျေးလက်နေပြည်သူများ အခမဲ့ဖမ်းယူကြည့်ရှုနိုင်ခြင်းဖြင့် ၎င်းတို့၏ လူမှုစီးပွားဘဝတိုးတက်ရေးကို အထောက်အကူပြုမည့် သတင်းအချက်အလက်များရရှိနိုင်ပြီး ယင်းသတင်းအချက်အလက်များ၊ နည်းပညာများကို လက်တွေ့အသုံးချနိုင်ခြင်းအားဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ကာ ဆင်းရဲမှုလျော့ကျလာနိုင်သည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်။

ပြည်တွင်းရေးရာ

○ **ကျောဖုံးမှ**

ယနေ့နံနက် ၁၀ နာရီကျော်ခန့်တွင် ဒုချီးရားတန်းအလယ်ရွာ၌ မီးလောင်မှုဖြစ်ပွားရာ ဘာသာရေးအဆောက်အအုံအငယ်တစ်လုံး၊ ခနိမိုး၊ ထရံကာ လူနေအိမ် ၁၂ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်ရခြင်းမှာ ယင်းကျေးရွာနေ ဆော်ဒီမူလာ အသက်(၄၂)နှစ် (ဘ)ဦးမိုက်တာက မိမိအိမ်ကို မိမိဘာသာခတ်ဆီဖျန်းပက်ပြီး မီးရှို့ခဲ့ခြင်းဖြစ်သည်ဟု ယင်းကျေးရွာနေ ဒေါ်ဟာလာမာဟာဒူ အသက်(၆၀)နှင့် မဟာမီဒါ အသက်(၃၀)တို့က မျက်မြင်သက်သေများအဖြစ် ထွက်ဆိုခဲ့ကြကြောင်း သိရှိရသည်။

မီးစတင်လောင်ကျွမ်းနေကြောင်း သတင်းရရှိလျှင်ရရှိချင်း နယ်မြေခံရဲတပ်ရင်းမှ ရဲမှူးမင်းဦး ဦးစီးအဖွဲ့၊ မောင်တောခရိုင်ရဲတပ်ဖွဲ့မှ ရဲအုပ်သောင်းထွန်း ဦးစီးအဖွဲ့ ပူးပေါင်း၍ အခင်းဖြစ်ပွားရာသို့ သွားရောက်ပြီး မီးငြိမ်းသတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားရာနေရာသို့ မွန်းလွဲ ၂ နာရီခန့်တွင် ရဲတပ်ရင်းများ ကွပ်ကဲရေးမှူး၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်ဥပဒေအရာရှိ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးမင်း၊ ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်သိန်း၊ ဒုချီးရားတန်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း၊ မျက်မြင်သက်သေနှစ်ဦး၏ ထွက်ဆိုချက်များအရ လည်းကောင်း၊ မီးစတင်လောင်ကျွမ်းသည့် ဆော်ဒီမူလာ၏ နေအိမ်ရှိ စပါးကျီမှာ ကြိုတင်ရွှေ့ပြောင်းထားသည့် အနေအထားများ တွေ့ရှိရခြင်း၊ မီးလောင်ကျွမ်းသည့်အချိန်တွင် ၎င်းတို့မိသားစုမှာ မီးငြိမ်းသတ်မှုမရှိဘဲ ထွက်ပြေးတိမ်းရှောင်နေခြင်းတို့ကို စစ်ဆေးတွေ့ရှိရသဖြင့် လည်းကောင်း ရှို့မီးဖြစ်သည်ဟု ယူဆရကြောင်းသိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တာဝန်ရှိသူများထံမှ စုံစမ်းသိရှိရသည်မှာ “ဒုချီးရားတန်းအလယ်ကျေးရွာမှာ နေထိုင်နေတာ လက်ရှိလူဦးရေ ၄၅၀ လောက်ရှိပါတယ်။ တချို့ ယောကျ်ားတွေကတော့ နေ့ဘက်ရှောင်နေပြီး ညဘက်မှာ ကိုယ့်နေအိမ် ကိုယ်ပြန်လာကြတာလည်း ရှိပါတယ်။ အခုဖြစ်တာက ဆော်ဒီမူလာဆိုသူက ခတ်ဆီထည့်ထားတဲ့ ရေသန့်ဘူးကို အိမ်ပတ်ဝန်းကျင်မှာ ဝှေ့ယမ်းပက်ဖျန်းပြီး မီးစတင်ရှို့ခဲ့တယ်လို့ အဲဒီရွာက မျက်မြင်သက်သေနှစ်ဦးက ပြောပြတဲ့ အထောက်အထား ခိုင်ခိုင်လုံလုံရရှိပါတယ်။ သူတို့ကို စစ်ဆေးတဲ့အချိန်မှာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ဇံဖြူနဲ့ ကျေးရွာစာရေး ဦးသန်းထွန်းဦးတို့ သက်သေအဖြစ်ရှိပြီး စကားပြန်အဖြစ် အိုလီဆိုသူက မေးမြန်းဖြေကြားပေးတာဖြစ်ပါတယ်။ ဆော်ဒီမူလာဆိုတဲ့သူက ရဲတပ်ကြပ်ကြီးအောင်ကျော်သိန်း ဖြစ်စဉ်မှာပါဝင်တယ်လို့ သံသယရှိသူဖြစ်ပြီး တရားခံပြေးအဖြစ် သတ်မှတ်ခံထားတဲ့သူလည်း ဖြစ်ပါတယ်။ အခုမီးလောင်မှုကြောင့် ဆုံးရှုံးမှုတန်ဖိုးအနေနဲ့ ငွေကျပ်ခြောက်သိန်းလေးသောင်းလောက်ရှိမယ်လို့ ခန့်မှန်းထားပါတယ်” ဟုပြောပြခဲ့သည်။

(သတင်းစဉ်)

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးမင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ မီးလောင်ပျက်စီးမှုကို စစ်ဆေးနေစဉ်။ (သတင်းစဉ်)

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးမင်း ဒုချီးရားတန်းအလယ်ရွာရှိ ရွာသူရွာသားများအား မီးလောင်ကျွမ်းမှုနှင့်ပတ်သက်၍ စစ်ဆေးမေးမြန်းနေစဉ်။ (သတင်းစဉ်)

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးမင်း မီးလောင်ရာတွင် မျက်မြင်သက်သေဖြစ်သူ ဒေါ်ဟာလာမာဟာဒူအား စစ်ဆေးမေးမြန်းနေစဉ်။ (သတင်းစဉ်)

ဒုချီးရားတန်းအလယ်ရွာရှိ ဗလီတစ်လုံးကို မီးကူးစက်လောင်ကျွမ်းနေစဉ်။ (သတင်းစဉ်)

ဒုချီးရားတန်းအလယ်ကျေးရွာရှိ နေအိမ်များ မီးလောင်ပျက်စီးနေစဉ်။ (သတင်းစဉ်)

မောင်တောမြို့နယ် မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များမီးငြိမ်းသတ်နေစဉ်။ (သတင်းစဉ်)

✪ ရှေ့ဖုံးမှ

ယခုမြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍတွင် အခြေခံရော အဆင့်မြင့်ပါ အားနည်းနေပါကြောင်း၊ ကမ္ဘာ့အဆင့်မီရန် နေနေသာသာ အာရှအဆင့်တောင် မမီနိုင်ဘူး။ သက်ဆိုင်ရာဌာနများကလည်း ယခင်စနစ်ဟောင်းအတိုင်းရှိနေသည်ဟု အမျိုးမျိုးအဖုံဖုံဝေဖန်နေကြသည်များရှိပါကြောင်း။

ပညာရေးဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့ကလည်း ဒီအတိုင်းကြည့်မနေပါကြောင်း၊ အစိုးရသစ်တက်လာကတည်းက မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ အဆင့်မြင့်လာအောင် အမျိုးမျိုးကြံဆောင်ပါကြောင်း၊ ပထမနှစ်ကတည်းက အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ပြီး (CESR) Comprehensive E.S.R ခေါ်သော ဘက်စုံလွှမ်းခြုံနိုင်သည့် ပညာရေးကဏ္ဍလေ့လာသုံးသပ်မှုပြုလုပ်ပြီး အဖြေရှာကြည့်ပါကြောင်း၊ အကန့်အသတ်မှာ ပညာရေးပြုပြင်ပြောင်းလဲမှုဆိုသည်မှာ အခုပြုပြင် အခုချက်ချင်း အကျိုးကျေးဇူးမခံစားရဘဲ ၁၀ နှစ်၊ ၁၅ နှစ်လောက်ကြာပါမှ အဖြေပေါ်ခြင်းဖြစ်ပါကြောင်း။

ယခင်က တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် အနည်းဆုံး တစ်ကျောင်းစီရှိအောင် ဆောက်လုပ် ဖွင့်လှစ်ပေးခဲ့ပါကြောင်း၊ ရည်ရွယ်ချက်မှာ မိမိနေထိုင်သော ဒေသတွင် တက္ကသိုလ်၊ ကောလိပ်ကို အိုးမကွာအိမ်မကွာပညာသင်ကြားနိုင်အောင် စီစဉ်ပေးခြင်းဖြစ်ပါကြောင်း၊ သို့သော် တချို့မြို့များတွင် ဖွင့်လှစ်ပေးသည့် တက္ကသိုလ်၊ ကောလိပ်များသည် မြို့နှင့်အလှမ်းကွာဝေးခြင်း၊ အဆောင်များ မပါရှိခြင်းတို့ကြောင့် အခက်အခဲများတွေ့ကြုံရပြီး ပညာရေးအရည်အသွေးကို နိမ့်ကျစေသော အချက်တစ်ချက် ဖြစ်နိုင်ပါကြောင်း။

ယခင်ခေတ်ကာလ တက္ကသိုလ်များ၊ အထူးသဖြင့် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များသည် မြို့ကြီးပြကြီးဖြစ်သော ရန်ကုန်၊ မန္တလေးမြို့များတွင်သာရှိသည့်အတွက် ဤမြို့ကြီးများကိုပဲ သွားရောက်သင်ယူရပါကြောင်း၊ တစ်မြို့တစ်နေရာတည်းတွင် အဆောင်များဖြင့် နေထိုင်ပြီး ပညာသင်ကြားရခြင်းတွင် ကောင်းသည့်အချက်မှာ လူမျိုးစုံ၊ စရိုက်မျိုးစုံနှင့် တွေ့ဆုံပေါင်းသင်းရသည့်အတွက် ဗဟုသုတအစုံရရှိပြီး မိတ်ဆွေများလည်း အမြောက်အမြားစုမိပါကြောင်း၊ အပေါင်းအသင်းများခြင်းအားဖြင့် နောင်အခါများမှာလည်း အဘက်ဘက်မှ အကူအညီမျိုးစုံရနိုင်သော အကျိုးကျေးဇူးလည်း ရပါကြောင်း။

ထို့အပြင် ပညာရေးသာမကဘဲ စီးပွားရေး၊ လူမှုရေး အားကျစရာများပြီး ကိုယ်တိုင်အတွေ့အကြုံရသည့်အတွက် ကြိုးစားအားထုတ်မှုလည်း ပိုရှိခဲ့တတ်ပါကြောင်း။

ယေဘုယျအားဖြင့် ပညာရေးကဏ္ဍမြင့်မားလာအောင်က ဆရာ၊ ဆရာမကြီးများ၏ အရည်အသွေး၊ ကျောင်းသူ ကျောင်းသားများရဲ့ ပင်ကိုဉာဏ်နဲ့ ကြိုးစားမှု၊ စာသင်ခန်းရဲ့ ခေတ်မီအထောက်အကူပစ္စည်း ပြည့်စုံမှု၊ သင်ရိုးညွှန်းတမ်းမှန်ကန်မှု၊ နိုင်ငံတော်ရဲ့ ရှေ့မျှော်မှန်းတဲ့ စီးပွားရေး စီမံကိန်းအခြေအနေနဲ့ ကိုက်ညီတဲ့ သင်ကြားသင်ယူမှုစနစ်တို့အပြင် အရေးကြီးတာတစ်ခုကတော့ ဆရာ ဆရာမကြီးများရဲ့ လူမှုစီးပွားဘဝမြင့်တင်ပေးဖို့ ကိစ္စဖြစ်ပါတယ်။

တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမကြီးများအပါအဝင် ဝန်ထမ်းများအားလုံးရဲ့ စားရေး၊ ဝတ်ရေး၊ နေရေးကိစ္စတွေ အဆင်ပြေပါမှ လေ့လာစာဖတ်ရတာ၊ သင်ပေးရတာ ပိုစိတ်ဝင်စားပြီး ပိုထိရောက်ပါမယ်။ အဂတိလိုက်စားမှုလည်း နည်းပါးမယ်၊ ကျူရှင်ပေးနေရတဲ့ဘဝက လွတ်မြောက်နိုင်ပါမယ်။

ပညာရေးအဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှု လျော့နည်းသွားအောင် လုံလောက်သော လစာထောက်ပံ့ပေးနိုင်မှုလည်း တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ ဥပမာ အာဆီယံနိုင်ငံထဲတွင် နိုင်ငံငယ်လေး တစ်နိုင်ငံရှိပါကြောင်း၊ လစာအများဆုံးပေးနိုင်သော နိုင်ငံဖြစ်၍ အဂတိလိုက်စားမှု အနည်းဆုံး နိုင်ငံစာရင်းပါပါကြောင်း။

ထိုနိုင်ငံလေးသည် Brain Industry ခေါ် ဦးနှောက်သုံး၍ စီးပွားရှာနိုင်သော နိုင်ငံဖြစ်ပြီး မိမိတို့မှာ Natural Resource Based နှင့် Labour Intensive Based Economy ဖြစ်ပါကြောင်း၊ အခြေခံပညာမှာရော အဆင့်မြင့်ပညာမှာပါ ဆရာ ဆရာမကြီးတို့ မွေးထုတ်ပေးလိုက်သော ဘွဲ့ရများသည် ဘာသာရပ်ကို တကယ်တော်၊ တကယ်တတ်မြောက်လျှင် သဘာဝသယံဇာတပေါများကြွယ်ဝသော မိမိတို့နိုင်ငံ၏ စီးပွားရေးသည် တစ်မုဟုတ်ချင်း တိုးတက်သွားနိုင်ပါကြောင်း၊

ထို့ကြောင့် မိမိတို့၏တပည့်သားသမီး၊ ကျောင်းသူ ကျောင်းသားများကို တကယ်တတ်မြောက်အောင် သင်ပေးကြစေလိုပါကြောင်း၊ ထိုသို့ တကယ်တတ်သော တကယ်တော်သော ဘွဲ့ရများကို မွေးထုတ်နိုင်အောင် ဆရာ ဆရာမကြီးများကိုယ်တိုင်လည်း အမြဲတမ်းအရည်အသွေးပြည့်ဝသူများဖြစ်နေအောင် မိမိကိုယ်မိမိလေ့လာဆည်းပူးနေပါဟု တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ပြည်နယ်ခန်းမ၌ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက မော်လမြိုင်မြို့သို့ ယနေ့မိမိတို့အဖွဲ့ လာရောက်ရခြင်းမှာ မော်လမြိုင်ဒေသအပါအဝင် မွန်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေသိရှိရန်၊ နိုင်ငံတော်အစိုးရက လုပ်ဆောင်နေသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို သိရှိနိုင်အောင်၊ လိုအပ်သည့်ကူညီမှုများ ပံ့ပိုးကူညီနိုင်ရန်နှင့် ဒေသခံပြည်သူများ၏ အမျိုးမျိုးသောဆန္ဒ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းရပ်များအပေါ် အမြင်များကို ကြားသိရအောင်ဆိုသော ရည်ရွယ်ချက်များဖြင့် ရောက်လာခြင်းဖြစ်ပါကြောင်း။

ပထမအချက်အနေဖြင့် နိုင်ငံတော်က ဆောင်ရွက်နေသော နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုများကို မြို့မိမြို့ဖများလည်း သတင်းစာ၊ ရုပ်မြင်သံကြားမှ ကြားရသိရပြီးဖြစ်မည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးကဏ္ဍပြုပြင်ပြောင်းလဲမှုတွင် နိုင်ငံရေးကိုစိတ်ဝင်စားသူတိုင်း နိုင်ငံရေးလုပ်နိုင်ခွင့်၊ ယုံကြည်ချက်အကျဉ်းသားများ လွတ်ငြိမ်းချမ်းသာခွင့်၊ စာပေစိစစ်ရေးရုပ်သိမ်းပြီး သတင်းနှင့်စာပေအမျိုးမျိုးကို လွတ်လပ်စွာထုတ်ဝေရေးသားခွင့်၊ အသင်းအဖွဲ့ သမဂ္ဂများဖွဲ့စည်းခွင့်၊ လူထုအစုအဝေးနှင့် ဆန္ဒဖော်ထုတ်ခွင့်၊ နိုင်ငံခြားရောက်မြန်မာနိုင်ငံသားများ ပြန်လည်ဝင်ရောက်လာနိုင်ခွင့်၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး စသည်တို့ဖြစ်ပါကြောင်း။

စီးပွားရေးကဏ္ဍတွင် နိုင်ငံပိုင်စီးပွားရေးမှ ပုဂ္ဂလိကပိုင်စီးပွားရေး၊ ဈေးကွက်စီးပွားရေးကို ပိုမိုအားပေးလာမှု၊ ယာဉ်အိုယာဉ်ဟောင်းများ အစားထိုးလဲလှယ်မှု၊ နိုင်ငံခြားငွေလဲလှယ်နှုန်းပြုပြင်ပေးမှု၊ မိုဘိုင်းတယ်လီဖုန်းများ လူတိုင်းကိုင်ဆောင်ခွင့်ရရှိအောင်စီစဉ်ဆောင်ရွက်ပေးမှု၊ ဝန်ထမ်းများ၏ လစာနှင့်ထောက်ပံ့ကြေးတိုးမြှင့်ပေးမှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေထုတ်ပြန်နိုင်မှု၊ စီးပွားရေးလုပ်ငန်းများကို တရားသဖြင့်ယှဉ်ပြိုင်နိုင်စေမှု စသည်တို့သည် စီးပွားရေးပြုပြင်ပြောင်းလဲရေးနှင့် သက်ဆိုင်မှုများဖြစ်ပါကြောင်း။

အုပ်ချုပ်ရေးကဏ္ဍပြုပြင်ပြောင်းလဲမှုမှာ ယခင်ကလို အထက်က အမိန့်ကိုစောင့်ပြီး ခွင့်ပြုမှ စတင်ဆောင်ရွက်ခြင်းမျိုးမဖြစ်ရလေအောင် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများကို ပြည်သူများဆန္ဒအရ တိုက်ရိုက်ရွေးချယ်ခွင့်ပေးခဲ့ပြီး ယခု ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများသည် ပြည်သူလူထု၏ အုပ်ချုပ်ရေးမှူးများပင် ဖြစ်ပါကြောင်း။

မြို့နယ်အဆင့်တွင် စီမံခန့်ခွဲကော်မတီအပြင် ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုရေးကော်မတီသည် ရပ်ရွာ၏ သိက္ခာသမာဓိရှိသူများနှင့် ဖွဲ့စည်းထားပြီး ရပ်ရွာအရေးကို ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်နိုင်ခြင်းသည် အုပ်ချုပ်ရေးယန္တရားကို ပြုပြင်ပြောင်းလဲအားဖြည့်လိုက်ခြင်းဖြစ်ပါကြောင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဆိုလျှင်လည်း အစိုးရက ချုပ်ကိုင်ထားခြင်း မရှိတော့ဘဲ ပြည်သူများကိုယ်တိုင် ဝင်ရောက်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း၊ လျှပ်စစ်မီးလင်းရေးကိစ္စတွင်လည်း အလားတူ ပုဂ္ဂလိကလုပ်ငန်းရှင်များကို လုပ်ဆောင်ခွင့်ပေးနေပြီဖြစ်ပါကြောင်း။

အဂတိလိုက်စားမှုအတွက် တိုင်တန်းလိုလျှင်လည်း လမ်းကြောင်းဖွင့်ထားပါကြောင်း၊ အမှန်တကယ်ဟုတ်မှန်ကြောင်း သက်သေသာဓကပြနိုင်သော ကိစ္စရပ်များကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ပုဂ္ဂိုလ်ရေးအရ တစ်ဦးတစ်ယောက်ကို စွပ်စွဲတာမျိုးမဟုတ်ဘဲ ခိုင်မာသော သက်သေအထောက်အထားပြပြီး တိုင်တန်းနိုင်ပြီဖြစ်ပါကြောင်း။

ထို့အပြင် အခြားသော အကြောင်းကိစ္စကြီးငယ်အတွက် အထက်အဖွဲ့အစည်းကို တင်ပြတိုင်တန်းလိုပါကလည်း လမ်းကြောင်းဖွင့်ထားပေးပြီးဖြစ်ပါကြောင်း၊ ပြည်သူတို့သတိမထားမိခြင်းဖြစ်နိုင်ပါကြောင်း၊ လမ်းကြောင်းများမှာ မိမိတို့ရွေးချယ်တင်မြှောက်ထားသော ပြည်နယ်လွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် တင်ပြခြင်း၊ အုပ်ချုပ်ရေးလမ်းကြောင်းမှ အဆင့်ဆင့်တင်ပြခြင်း၊ စီမံခန့်ခွဲမှုကော်မတီ၊ အထောက်အကူပြုကော်မတီများမှတစ်ဆင့် တင်ပြခြင်း၊ အဂတိလိုက်စားမှုအတွက် သက်ဆိုင်ရာကော်မတီသို့ ရေးသားပေးပို့ခြင်း၊ သတင်းစာ၊ ဂျာနယ်၊ အင်တာနက်များမှတစ်ဆင့် အသိပေးနိုင်ခြင်း စသည်တို့ဖြစ်ပါကြောင်း။

အရေးကြီးသော အချက်မှာ မိမိရေးသားတင်ပြသည့် အချက်များ၊ အင်တာဗျူးပြောဆိုချက်များ၏ မှန်ကန်မှုများကို မိမိက တာဝန်ယူနိုင်ရမည်ဖြစ်ပြီး ဖြစ်ပေါ်လာမည့် အကျိုးဆက်ကိုလည်း ရင်ဆိုင်ရမည်ဖြစ်ပါကြောင်း။

ဒုတိယအချက်အနေဖြင့် ဤဒေသ၏ လိုအပ်ချက်နှင့်အခက်အခဲများကို ကူညီဖြေရှင်းပေးသည့် အချက်ဖြစ်ပါကြောင်း။

ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဲ့သို့ ကိစ္စရပ်များ ချက်ချင်းဆောင်ရွက်၍ ရသည်များအားလုံးကို ဆောင်ရွက်ပေးပြီး တချို့ကိစ္စများကို နိုင်ငံတော်၏ ဘဏ္ဍာရေးအခြေအနေအရ ပထမနှစ်၊ ဒုတိယနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

နောက်ဆုံးအချက်အနေဖြင့် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်၍ ဒေသခံမိဘပြည်သူများ၏ ဆန္ဒအသံကိုလည်း နားထောင်လိုပါကြောင်း၊ ထိုသို့တင်ပြကြရာတွင် နိုင်ငံတော်အတွက် မိမိတို့၏ ပြည်နယ်၊ မြို့နယ်အတွက် အထောက်အကူပေးနိုင်မည့် ဆန္ဒမျိုး၊ အကြံဉာဏ်မျိုး ဦးစားပေးတင်ပြကြရန် မေတ္တာရပ်ခံလိုပါကြောင်း။

ယခု မွန်ပြည်နယ်၏ တိုးတက်ဖွံ့ဖြိုးမှုကို ဆန်းစစ်ကြည့်ဖို့ ညွှန်းကိန်းများကို အကျဉ်းချုံးပြီး ကြည့်မယ်ဆိုရင်-

စဉ်		မွန်	တနင်္သာရီ
၁	အကျယ်အဝန်း	၄၇၄၇ စတုရန်းမိုင်	၁၆၇၃၅ စတုရန်းမိုင်
၂	လူဦးရေ	၁. ၉သန်းကျော်	၁. ၂ သန်းကျော်
၃	GDP ကျပ်	၁၃၉၅ ဘီလီယံကျော်(၁၂-၁၃)	ကျပ် ၁၅၇၅ ဘီလီယံကျော်
၄	တစ်ဦးချင်း GDP	၇ သိန်းကျော်	၁၄ သိန်းကျပ်
၅	ဖုန်းရာခိုင်နှုန်း	၈. ၂၅%	၅. ၂၄%
၆	ဆန်ဖူလုံမှု	၁၈၇. ၁၅%(၁၁-၁၂)	၉၀. ၄၉%
၇	ဆင်းရဲနှုန်း	၁၆. ၃% (၂၀၁၀)	၃၂. ၆% (၂၀၁၀)

ယခု မော်လမြိုင် (ထားဝယ်/မြိတ်တို့)ရဲ့ ညွှန်းကိန်းများကို အကျဉ်းချုံး ကြည့်မယ်ဆိုရင်-

	မော်လမြိုင်	ထားဝယ်	မြိတ်
အကျယ်အဝန်း	၈၄. ၅ စ/မိုင်	၁၆၄၇. ၉၉ စ/မိုင်	၅၄၇. ၄၄ စ/မိုင်
လူဦးရေ	၂. ၄ သိန်းကျော်	၁၀၄၁၁၅ ဦး	၂၄၉၆၁၀ ဦး
တစ်ဦးချင်းဝင်ငွေ	၅. ၇သိန်းကျော်(၁၁-၁၂)	၅. ၉ သိန်း	၁၆ သိန်း(၁၁-၁၂)
ဖုန်းရာခိုင်နှုန်း	၂၀. ၅%	၂၄%	၅%
နိုင်ငံရေးပါတီ	ဖြိုး/မွန်ပါ/တစည/NLD	ဖြိုး/တစည/NLD	ဖြိုး/တစည/NLD
ငြိမ်းချမ်းရေးအဖွဲ့	ကရင်၊ မွန်အဖွဲ့များ	-	-
တက္ကသိုလ်ဝင်တန်းအောင်	၆၂%	၅၈. ၉%	၄၈%
ဆေးရုံ	ခုတင် ၃၀၀ အဆင့်	ခုတင် ၂၀၀ အဆင့်	ခုတင် ၂၀၀ အဆင့်

ထိုအညွှန်းကိန်းဂဏန်းများကို ကြည့်ခြင်းအားဖြင့် မော်လမြိုင်မြို့အပါအဝင် မွန်ပြည်နယ်သည် ချမ်းသာသော ပြည်နယ်၊ ချမ်းသာသောမြို့မဖြစ်သေးသည်ကို တွေ့ရပါကြောင်း။

အမှန်ဆိုလျှင် မော်လမြိုင်မြို့သည် လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ကားလမ်း၊ ရထားလမ်း၊ ရေကြောင်း၊ လေကြောင်းအားလုံး ပြည့်စုံသည့်အပြင် နယ်စပ်ကုန်သွယ်ရေးလည်း ရနိုင်သောအခွင့်အရေးများရှိပြီး ခရီးသွားကဏ္ဍ ဖွံ့ဖြိုးနိုင်သည့် ကမ်းခြေ၊ နာမည်ကြီးဘုရားပုထိုးများရှိနေသော်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနည်းနေသေးသည်ကို တွေ့ရပါကြောင်း။

လျှပ်စစ်မီးအပါအဝင် အခြေခံအဆောက်အအုံမပြည့်စုံသေးခြင်းလည်း ပါဝင်မည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးအပြည့်အဝမရရှိသေးသည်လည်း ပါဝင်မည်ဖြစ်ပါကြောင်း၊ ပြည့်စုံသော လူ့စွမ်းအားအရင်းအမြစ်အားနည်းလို့လား၊ အရင်းအနှီးလို၍ဖြစ်နေခြင်းလားဆိုသည်ကို မွန်ပြည်နယ်အစိုးရကစပြီး မော်လမြိုင်မြို့မိမြို့ဖများလေ့လာဆန်းစစ်ပြီး အဖြေရှာကြရန်လိုမည်ဟု သုံးသပ်မိပါကြောင်း။

ထို့ကြောင့် သုံးနှစ်တာကာလအတွင်း နိုင်ငံတော်၏ ပွင့်လင်းလာသော ပြုပြင်ပြောင်းလဲမှုများနှင့်အတူ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ဒေသအားလုံးဖွံ့ဖြိုးတိုးတက်လာနိုင်မည့်နည်းလမ်းများ ပူးပေါင်းဖော်ထုတ်စေလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မော်လမြိုင်၊ ဘီးလင်း၊ ကျိုက်မရော၊ သံဖြူဇရပ်၊ ကျိုက်ထို၊ ချောင်းဆုံ၊ ရေးတို့မှမြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌများနှင့် ဒေသခံများက ဒေသအလိုက်လိုအပ်ချက်များအားရှင်းလင်းတင်ပြရာ မွန်ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်နယ်အဆင့် ဖြေရှင်းဆောင်ရွက်နိုင်သည်များကို ပြည်နယ်အဆင့်မှာပင်ဖြေရှင်းပြီး ပြည်ထောင်စုအဆင့်ဆောင်ရွက်ပေးရမည့်လုပ်ငန်းများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းပြောကြားကာ ဒေသခံပြည်သူလူထုနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ ငြိမ်းချမ်းရေးအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်/ရပ်ကွက်/ကျေးရွာစီမံခန့်ခွဲရေးကော်မတီဝင်များ၊ ပအိုဝ်း/ကရင်၊ မွန်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပမှ INGO အဖွဲ့အစည်းများနှင့် ဒေသခံရပ်မိရပ်ဖများ တက်ရောက်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်အထွေထွေရောဂါကုဆေးရုံကြီးအစည်းအဝေးခန်းမတွင် ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်များ၊ ဆရာဝန်များ၊ သူနာပြုများနှင့်ဆေးရုံဝန်ထမ်းများအား တွေ့ဆုံ၍ ဆေးရုံ၏ လိုအပ်ချက်များကိုမေးမြန်းပြီး လိုအပ်သည်များကိုလမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ပင်မခွဲစိတ်ခန်း အထူးကြပ်မတ်ကုသဆောင်၊ အမျိုးသားခွဲစိတ်ကုသဆောင်၊ ထိခိုက်ဒဏ်ရာနှင့် အရိုးအကြောအဆစ်အထူးကုဌာနတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မော်လမြိုင် အထွေထွေရောဂါကုဆေးရုံကြီး CT Scan စက်နှင့် အဆောက်အအုံသစ်ဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်သည်။

အစီအစဉ်အရ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးနှင့် ပြည်နယ်လူမှုရေးဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

အဆိုပါ CT Scan စက်အဆောက်အအုံသည် အလျားပေ ၄၀၊ အနံ ၃၅ပေရှိ သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာန ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ညနေပိုင်းတွင် ကျိုက္ခမီရေလယ်ဆံတော်ရှင်မြတ်ဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ရွှေသင်္ကန်းများကပ်လှူပူဇော်ကြည်ညိုပြီး အလှူငွေများ လှူဒါန်းကာ ကျိုက္ခမီရေလယ်ဆံတော်ရှင်မြတ်ဘုရား ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့သည်။

ထို့နောက် သံဖြူဇရပ်မြို့ ကျုံကတတ်အခြေခံပညာအထက်တန်းကျောင်းတွင် Myanmar Lighting(IPP) ကုမ္ပဏီမှ လှူဒါန်းသည့် လှူဒါန်းငွေပေးအပ်ပွဲသို့ တက်ရောက်အားပေးချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် စက်စဲကမ်းခြေခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မော်လမြိုင် အထွေထွေရောဂါကုဆေးရုံတွင် လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

လေယာဉ်ပေါ်လိုက်ပါသွားသူ ခရီးသည်များကို ရည်စူး၍ သံဃာတော်များက မတ် ၉ ရက်တွင် ကွာလာလမ်ပူနိုင်ငံတကာလေဆိပ်၌ ဆုတောင်းမေတ္တာပို့သကြစဉ်။

❋ မလေးရှားမှ

သေးကြောင်း မလေးရှားအရပ်ဘက် လေကြောင်းညွှန်ကြားရေးမှူးချုပ်က သတင်းထောက်များကို ပြောကြားသည်။ ဗီယက်နမ်ရေတပ်က ဗီယက်နမ်ပင်လယ်ပြင်တွင် ဆီကွက်ကြီးများတွေ့ရပြီး လေယာဉ်ပျက်ကျသည့် သဲလွန်စဟု ယူဆခဲ့သော်လည်း လေယာဉ်အပိုင်းအစတစ်စုံတစ်ရာမတွေ့ရှိရသကဲ့သို့ လူသေအလောင်းများကိုလည်း မတွေ့ရသည့်အတွက် အတည်ပြုနိုင်ခြင်းမရှိခဲ့ပေ။ ထို့အပြင် လေယာဉ်သည် မပျောက်ဆုံးမီက ဘေကျင်းသို့ ဦးတည်သည့် လမ်းကြောင်းမှ နောက်ပြန်ကွေ့လာသည်ဟု မလေးရှားစစ်ဘက်ရေဒါတွင် နောက်ဆုံးခြေရာခံမိသည်ဟု မလေးရှားစစ်ဘက်တာဝန်ရှိသူတစ်ဦးက တနင်္ဂနွေနေ့ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ထူးခြားချက်တစ်ခုအနေဖြင့် ဩစတြေးလျနိုင်ငံသားတစ်ဦးနှင့် အီတလီနိုင်ငံသားတစ်ဦး၏ ပျောက်ဆုံးနေသော နိုင်ငံကူးလက်မှတ်များမှာ လေယာဉ်စီးခရီးသည်များထဲတွင်ပါသွားခဲ့ပြီး အဆိုပါ နိုင်ငံကူးလက်မှတ်အတုများကို မည်သည့်ခရီးသည် ကိုင်ဆောင်စီးနင်းလိုက်ပါသွားသည်ကိုလည်း မသိရှိရသေးကြောင်း လေကြောင်းလိုင်းက ထုတ်ပြန်ကြေညာသည်။ ဩစတြေးလျနိုင်ငံသား ခရစ်စတန်ကိုဇယ်နှင့် အီတလီနိုင်ငံသား လူဂျီမာအယ်ဒီတို့၏ နိုင်ငံကူးလက်မှတ်များမှာ လွန်ခဲ့သည့်နှစ်များက ထိုင်းနိုင်ငံတွင် ခိုးယူခံရကာပျောက်ဆုံးသွားခဲ့ခြင်းဖြစ်ပြီး ၎င်းတို့နှစ်ဦးမှာ ယခုအခါ ပျောက်ဆုံးနေသည့်လေယာဉ်ပေါ်တွင် လိုက်ပါသွားခဲ့ကြခြင်းမရှိပေ။

လေယာဉ်ပျောက်ဆုံးသွားသည့် နေရာအနီးဝန်းကျင်ကို အရေးပေါ်ကူညီကယ်ဆယ်ရေးနှင့် ရှာဖွေရေးလေယာဉ် ၁၇စင်း၊ သင်္ဘောရှစ်စင်းနှင့် နိုင်ငံတကာက ဝိုင်းဝန်းရှာဖွေနေသော်လည်း လေယာဉ်ပျက်ကျသည့် သဲလွန်စ တစ်စုံတစ်ရာ ရှာဖွေတွေ့ရှိခြင်းမရှိသေးကြောင်း လေကြောင်းလိုင်းက ထပ်မံကြေညာသည်။

လေယာဉ်ပေါ်တွင် ခိုးယူလာသည့် နိုင်ငံကူးလက်မှတ်များ ကိုင်ဆောင်လာသူနှစ်ဦးပါနေသည့် သတင်း အတည်ပြုချက်ထွက်လာပြီးနောက် အကြမ်းဖက်မှုနှင့် ဆက်နွယ်မှုရှိနေသည်ဟူသော သံသယများလည်း ပေါ်ထွက်လာနေပြီဖြစ်သည်။ နောက်ဆုံးထွက်ပေါ်လာသည့် သတင်းများအရ တရုတ်မိသားစုများက လေယာဉ်ပေါ် လိုက်ပါသွားသည့် ၎င်းတို့၏ ဆွေမျိုးများထံ ဖုန်းဆက်သွယ်၍ရသော်လည်း ပြန်လည်ဖြေကြားခြင်းမရှိဟု သိရသည်။

လေယာဉ်စီးခရီးသည်များတွင် တရုတ်နိုင်ငံသား ၁၅၄ ဦးဖြင့် တစ်ဝက်ကျော်ပါဝင်ပြီး နိုင်ငံပေါင်း ၁၄ နိုင်ငံမှ ခရီးသည်များ စီးနင်းလိုက်ပါသွားသည်ဟု သိရသည်။ လေယာဉ်ပေါ်လိုက်ပါသွားသူ ခရီးသည်များကို ရည်စူး၍ သံဃာတော်များက မတ် ၉ ရက်တွင် ကွာလာလမ်ပူနိုင်ငံတကာလေဆိပ်၌ ဆုတောင်းမေတ္တာပို့သခဲ့ကြောင်း စီအင်န်အင်န်သတင်းတွင် ဖော်ပြသည်။ **စီအင်န်အင်န်။**

☆ ပြည်ထောင်စုငြိမ်းချမ်းရေးမှ

အဖွဲ့အစည်းများ၏ အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်မူကြမ်းနှင့် ပတ်သက်ပြီး ညှိနှိုင်းဆွေးနွေးခြင်း၊ ကရင်ပြည်နယ် ဘားအံမြို့တွင် ကျင်းပမည့် တိုင်းရင်းသားများ၏ ပြည်လုံးကျွတ်အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးပွဲနှင့် ပတ်သက်ပြီး ဆွေးနွေးခြင်းများကို ပြုလုပ်ခဲ့ကြသည်။

(သတင်းစဉ်)

မြတ်ပန်းရဂုံ ရသစာပေဝတ္ထုတိုပေါင်းချုပ် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မတ် ၉

ဒုတိယအကြိမ် မြတ်ပန်းရဂုံ ရသစာပေဝတ္ထုတိုပေါင်းချုပ် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာနိုင်ငံစာရေးဆရာအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ စာရေးဆရာအသင်းသို့ မြတ်ပန်းရဂုံ စာပေမှ ငွေကျပ်တစ်သိန်းနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာအသင်းမှ ငွေကျပ် ခြောက်သောင်းတန်ဖိုးရှိ မဂ္ဂဇင်းစာအုပ်များကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံစာရေးဆရာအသင်းတွဲဖက်အတွင်းရေးမှူး(၁)မောင်ငြိမ်းသူ (ကြို့ပင်ကောက်)က လက်ခံသည်။

ထို့နောက် မြတ်ပန်းရဂုံ ရသစာပေဝတ္ထုတိုပေါင်းချုပ်ဆုရွေးချယ်ရေးအဖွဲ့ နာယကများဖြစ်ကြသော ဆင်ဖြူကျွန်း အောင်သိန်းနှင့် စည်သူဦးဌေးမောင်တို့က အဖွင့်အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ဆုရွေးချယ်ရေးအဖွဲ့ ကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ထူးက ဆုရွေးချယ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် "အရပ်ကမ္ဘာနှင့် ရသဝတ္ထုတိုများ" စာအုပ်ဖြင့် ဆုရရှိသူ တောင်တွင်းကိုရင်ဩ၊ "နေရောင်နှင့် ကလျာဝတ္ထုတိုများ" စာအုပ်ဖြင့် ဆုရရှိသူ ယဉ်ယဉ်နု(မန္တလေး)၊ "နှစ်ရောင်စပ်ကောင်းကင်" ဝတ္ထုတိုစာအုပ်ဖြင့် ဆုရရှိသူ ဆရာစိုးအိမ်မှူးနှင့် "ဘူးထဲကရေနှင့် ဝတ္ထုတိုစာစုများ" စာအုပ်ဖြင့် ဆုရရှိသူ သျှီ(အင်ကြင်း)တို့အား ဆုရွေးချယ်ရေးအဖွဲ့ကော်မတီဥက္ကဋ္ဌက ဆုများပေးအပ်ချီးမြှင့်ပြီး ဆုရရှိကြသူများကိုယ်စား တောင်တွင်း ကိုရင်ဩက ကျေးဇူးတင်စကားပြောကြားသည်။

(သတင်းစဉ်)

သမဝါယမလုပ်ငန်းများဖွံ့ဖြိုးရေး ဆွေးနွေး

နေပြည်တော် မတ် ၉

သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းနှင့် ဌာနဆိုင်ရာများ၊ သမဝါယမအသင်းဝင်များ တွေ့ဆုံပွဲကို မတ် ၈ ရက် နံနက် ၉ နာရီခွဲတွင် ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် မြို့နယ်ခန်းမ၌ကျင်းပရာ ဒုတိယဝန်ကြီးက သမဝါယမဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

အထက်မင်းလှတွင် တာဝါတိုင်သုံးတိုင် ထပ်မံစိုက်ထူ

မင်းလှ မတ် ၉

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် ခစ္စနိုးကျေးရွာ၊ လင်းကယ်ကျေးရွာနှင့် ရေနံမကျေးရွာတို့တွင် မတ်လဆန်းမှစ၍ ABC ကုမ္ပဏီမှတာဝန်ယူ၍ တာဝါတိုင် သုံးတိုင် ထပ်မံတည်ဆောက်လျက်ရှိကြောင်း သိရသည်။

အထက်မင်းလှတွင် ယခင်က တည်ဆောက်ပြီးစီးသော တာဝါတိုင် ငါးတိုင်၊ ယခုထပ်မံတည်ဆောက်သော တာဝါတိုင် သုံးတိုင်အပါအဝင် ရှစ်တိုင်ရှိပြီဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း တာဝါတိုင်သုံးတိုင်ကို အပြီးသတ်တည်ဆောက်သွားမည်ဟု သိရသည်။

"မင်းလှတစ်မြို့နယ်လုံး ဖုန်းလိုင်းကွန်ရက်တွေ အလွန်ကောင်းသွားမှာပါ၊ မိုက္ကရိုဝေ့တာဝါတိုင်တစ်ခုက ကျွန်တော်တို့ဆက်သွယ်ရေးသတ်မှတ်ချက်အရ ငါးမိုင်ပတ်လည်ဆိုပေမယ့် ၁၀ မိုင်ပတ်လည်အတွင်းသုံးစွဲလို့ကောင်းပါတယ်။ GSM နဲ့ WCDMA သုံးစွဲသူတွေကတော့ ကောင်းပါတယ်"ဟု မင်းလှမြို့နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ ဦးအောင်ကျော်ထွန်းကပြောသည်။

"CDMA -800 MHz ကတော့ မင်းလှမြို့က သုံးစွဲသူတွေအတွက် ကောင်းပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။ မင်းလှ မြို့နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ၂၀၁၃ ဇွန်လမှ ၂၀၁၄ ဖေဖော်ဝါရီလကုန်အထိ ဖြန့်ဖြူးရောင်းချပေးပြီးသော တန်ဖိုးနည်းဖုန်းဆင်းကတ်များမှာ CDMA-800 MHz ကတ် ၅၅၀၀၊ GSM ကတ် ၇၆၀၀၊ WCDMA ကတ် ၂၀၀ ဖြစ်ကြောင်း သိရသည်။

(မကွေးလှမြင့်)

❖ စစ်ကိုင်းတိုင်းဒေသကြီးမှ

ထို့အပြင် တိုင်းဒေသကြီးရန်ပုံငွေဖြင့်ပင် အရာတော်မြို့နယ် ရွှေတွင်းဘုန်းကျေးရွာတွင် စိုက်ပျိုးရေအတွက် ပေ ၁၂၀၀ ဝန်းကျင်ရှိ လေးလက်မရေလျှံတွင်းတစ်တွင်းကိုလည်း တူးဖော်ဆောင်ရွက်လျက်ရှိပြီး ကျွန်းလှမြို့နယ် စက်ရေတွင်းများကို လည်လှကျေးရွာ၊ တပ်ကုန်းကျေးရွာ၊ ဆွဲလဲကျေးရွာ၊ လွှတ်တိုက်ကျေးရွာ၊ မတောင့်ကျေးရွာ၊ ကုက္ကိုတန်း ကျေးရွာများတွင် ပေ ၄၀၀ မှ ၅၀၀ အတွင်း တူးဖော်ခဲ့ရကြောင်း သိရသည်။

ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ကျေးရွာများတွင် စိုက်ပျိုးရေရရှိရန် တောင်သူများကို ထောက်ပံ့ငွေပေးကာ ပြင်ပပုဂ္ဂလိက ရေတွင်းတူးအဖွဲ့များဖြင့် စစ်ကိုင်းခရိုင်၊ မုံရွာခရိုင်၊ ရွှေဘိုခရိုင်၊ ကသာခရိုင်နှင့် ကလေးခရိုင်များတွင် သုံးလက်မ မြေအောက်ရေတွင်း(ငုံစုပ်တွင်း) ပေါင်း ၂၂ တွင်းကို တူးဖော်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၁၂-၂၀၁၃ ခုနှစ်အတွင်းက စိုက်ပျိုးရေရရှိစေရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနအနေဖြင့် နှစ်လက်မ၊ လေးလက်မနှင့် ခြောက်လက်မ မြေအောက်ရေတွင်းပေါင်း ၁၃၈၇ တွင်းကို လည်းကောင်း၊ စစ်ကိုင်းခရိုင်၊ မုံရွာခရိုင်၊ ရွှေဘိုခရိုင်နှင့် ယင်းမာပင်ခရိုင် အပူပိုင်းစိမ်းလန်းစိုပြည်ရေးအတွက် တွင်းတိမ်နှင့် တွင်းနက်ပေါင်း ၂၆၁၁ တွင်း တူးဖော်ကာ စိုက်ပျိုးရေသာမက ကျေးရွာသောက်သုံးရေရရှိစေရန်အတွက် ကျေးရွာသောက်သုံးရေကန် ၆၀ ကျော်ကို တူးဖော်တည်ဆောက်ပေးခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေရရှိရေးအတွက် မြေအောက်ရေတွင်းများ တူးဖော်ခြင်းနှင့်အတူ မြစ်ရေတင်စီမံကိန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၂-၂၀၁၃ ခုနှစ်အတွင်းက ချောင်းဦးမြို့နယ် အောင်စေပိုင်စေ လျှပ်စစ်မြစ်ရေတင်စီမံကိန်း (ချင်းတွင်းမြစ်)ကို ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ ရန်ပုံငွေတို့ဖြင့် ပူးပေါင်းတည်ဆောက်ခဲ့ရာ ပြီးခဲ့သည့် မိုးစပါးစိုက်ရာသီတွင် ဧက ၃၀၀ ကျော်ကို ရေပေးဝေနိုင်ခဲ့သလို နွေရာသီမှာပင် မြစ်ရေတင်စိုက်ပျိုးရေ ရရှိအောင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေနှင့်ဒေသခံတို့၏ ထည့်ဝင်ငွေဖြင့် ရွှေလှေ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းကို ဧက ၄၅၀ ကျော် အကျိုးပြုဆောင်ရွက်နိုင်ရန် တည်ဆောက်နေဆဲဖြစ်ကြောင်း တိုင်းဒေသကြီး ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာန တာဝန်ခံထံမှ သိရသည်။

မြစ်ရေတင်စီမံကိန်းအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းတွင် ၂၂ ခုရှိပြီး ဒီဇယ်မြစ်ရေတင် တစ်ခု၊ စပါးခွံလောင်စာ ဓာတ်ငွေ့သုံးအင်ဂျင်စက်ဖြင့် လေးခုနှင့် လျှပ်စစ် မြစ်ရေတင် စက် ၁၇ လုံးဖြင့် စိုက်ပျိုးရေရရှိအောင် မြစ်ရေတင်ဆောင်ရွက်ပေးလျက်ရှိသည်။ ယခုနှစ် နွေစပါးရာသီအမီအဖြစ် အရာတော်မြို့နယ် မူးမြစ်မှ မြစ်ရေကို စုပ်တင်သည့် အရာတော်(၂)ကို လျှပ်စစ်ဖြင့် မြစ်ရေတင်ဆောင်ရွက်နေရာ လုပ်ငန်းများပြီးနေပြီဖြစ်ပြီး နွေစပါးဧက ၁၅၀၀ ကို ရေပေးဝေနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း (မန္တလေး) နှစ်ပတ်လည်စည်းဝေး

မန္တလေး မတ် ၉

ယင်လုံအိမ်သာ စနစ်တကျသုံးစွဲရေး၊ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး၊ ဆေးယဉ်ပါးအဆုတ်ရောဂါတိုက်ဖျက်ရေး၊ အဆုတ်ရောဂါနှင့် HIV ရောဂါရှာဖွေပညာပေးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းရှိသော ကျေးလက်နေပြည်သူများ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျရာအခန်းကဏ္ဍမှ တာဝန်ထမ်းဆောင်လျက်ရှိသော မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း မန္တလေးတိုင်းဒေသကြီး၏ နှစ်ပတ်လည်အစည်းအဝေးနှင့် (၁၄)ကြိမ်မြောက်သက်ကြီးပူဇော်ပွဲကို မတ် ၈ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းဇဟိုကို ၁၉၉၄ ခုနှစ်က ဒုတိယအကြိမ်ပြန်လည်ဖွဲ့စည်းခဲ့ရာ ယခုအခါ အသင်းဝင်ပေါင်း ၃၄၀၀ ကျော်ရှိပြီး မန္တလေးတိုင်းဒေသကြီးမှ ၂၀၅ ဦး ပါဝင်ကြောင်းသိရသည်။ လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော် လွတ်လပ်ရေးရပြီးစအချိန်က မြန်မာနိုင်ငံ၌ ဆရာဝန်ဦးရေနည်းပါးသည့်အတွက် ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ပြည့်မီအောင် မဆောင်ရွက်နိုင်ခဲ့၍ နှစ်စဉ်ကျေးလက်ဒေသများတွင် ကာလဝမ်းရောဂါ၊ ပလိပ်ရောဂါနှင့် ကျောက်ကြီးရောဂါများ ကပ်အသွင်ကျရောက်ပြီး သားဖွားမိခင်နှင့် ငါးနှစ်အောက်ကလေးသေဆုံးမှုနှုန်းမြင့်မားခဲ့သည်။ ထို့ကြောင့် ကျေးလက်နေပြည်သူများ၏ ကျန်းမာရေး(ကာကွယ်ရေးနှင့်ကုသရေး)များကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် ၁၉၅၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့က ပထမဆုံးအကြိမ်အဖြစ် ကျန်းမာရေးမှူးသင်တန်းကျောင်းကို စတင်ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ၁၉၅၄ ခုနှစ် ဇန်နဝါရီလတွင် ကျေးလက်ကျန်းမာရေးဌာနများကို တစ်မြို့နယ်လျှင် နှစ်ခုမှသုံးခုဖွင့်လှစ်ပြီး ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စတင်ဆောင်ရွက်ပေးခဲ့သည်။ ယခုအခါ ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန် အခြေခံကျန်းမာရေးတက္ကသိုလ်ကို မကွေးမြို့တွင် ဖွင့်လှစ်ပြီး(B.Comm H)ဘွဲ့ရကျန်းမာရေးမှူးများ မွေးထုတ်ကာ တာဝန်ပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လုပ်ငန်းခွင် ဝင်ရောက်ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးမှူးများကလည်း ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက် (MDG) (Millennium Development Goal) ဖြစ်သော ငါးနှစ်အောက် ကလေးသေဆုံးမှုလျှော့ချရေး၊ သားဖွားမိခင် သေဆုံးမှုလျှော့ချရေးသက်တမ်းမပြည့်မီ သေဆုံးနိုင်သောရောဂါများနှင့် ကျန်းမာရေးပြဿနာများ ကာကွယ်ထိန်းသိမ်းရေး၊ လူတိုင်းရောဂါဘယကင်းဝေးရေးအတွက် ပညာပေးခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် ရောဂါရှာဖွေကုသရေးလုပ်ငန်းများကို ရှေ့တန်းတိုက်စစ်မှူးများပမာ ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၅ ခုနှစ်တွင် ငါးနှစ်အောက် ကလေးသေဆုံးမှုကို အရှင်မွေးတစ်ထောင်လျှင် ၄၃ ဦးထိလျှော့ချနိုင်ရန်နှင့် မိခင်သေဆုံးမှုတွင် အရှင်မွေးတစ်သိန်းလျှင် ၁၃၀ ထိ လျှော့ချနိုင်ရန် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အေးမြ(မန္တလေး)

ယဉ်ကျေးလိမ္မာနှင့် အခြေခံအင်္ဂလိပ်စာ ပညာဒါနသင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် မတ် ၉

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်အတွင်းရှိ ရွှေဘုန်းလှိုင်ကျောင်းတိုက်၌ မတ် ၉ ရက် နံနက် ၇ နာရီတွင် ယဉ်ကျေးလိမ္မာနှင့်အခြေခံအင်္ဂလိပ်စာ ပညာဒါနသင်တန်းဖွင့်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါ သင်တန်းတွင် ဒေါက်တာအရှင်ဝီရိယာစာရ (Ph.D)၊ အရှင်ဇဝန(အစိုးရဓမ္မာစရိယ) (MA. Srilanka)၊ ဆရာမဒေါ်စိုးစိုး၊ ဆရာမဒေါ်သဇင်လှိုင်တို့ ဦးဆောင်ပြီး FOCUS International English Language Center မှ ဆရာ ဆရာမများမှ ပါဝင်သင်ကြားပြသပေးသွားမည်ဟု သိရသည်။ မတ် ၉ ရက်မှ ၂၇ ရက်အထိ နံနက် ၇ နာရီမှ ၁၁ နာရီအတွင်း အခမဲ့သင်ကြားပေးသွားမည်ဖြစ်ပြီး အဆိုပါ သင်တန်းဖွင့်ပွဲသို့ ကျောင်းသား ကျောင်းသူ ၃၀၀ ကျော်ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။**(ယာပုံ)** **(ကြေးမုံ)**

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ ရှင်းလင်းဆွေးနွေး

ရန်ကုန် မတ် ၉

ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေး ရှင်းလင်းဆွေးနွေးပွဲကို မတ် ၈ ရက်တွင် အမှတ်(၃)ရပ်ကွက်၊ မတ် ၉ ရက်တွင် အမှတ်(၆)ရပ်ကွက်၊ အမှတ်(၇)ရပ်ကွက် အမှတ်(၂)ရပ်ကွက်နှင့် အမှတ်(၁)ရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးဒေါ်စန္ဒာမိုးက ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းဆိုင်ရာ သိကောင်းစရာများနှင့် သန်းခေါင်စာရင်းအချက်အလက်များကို ပြည့်စုံမှန်ကန်စွာ ဖြေဆိုရေးတို့ကို ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ပြီး မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူးဦးဇော်ဝင်းသန်းက ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းစဉ်နှင့်ပတ်သက်၍ မေးမြန်းသွားမည့် ၄၁ ချက်ပါမေးခွန်းတို့တွင် ပြည်သူများ တွေဝေသွားစေနိုင်သည့် မေးခွန်းတချို့ကို စနစ်တကျရှင်းလင်းပြောကြားကာ ပညာရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကဏ္ဍတို့သည်လူဦးရေသန်းခေါင်စာရင်းကိန်းဂဏန်းအပေါ် ချိန်ထိုးတိုင်းတာတွက်ချက်ရသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူနှင့် လုပ်အားပေး ဆရာ ဆရာမများ၏ မေးမြန်းချက်များကို ပြည်သူများစိုးရိမ်စိတ်ကင်းကင်းဖြင့် အချက်အလက်များကို မှန်ကန်စွာ ဖြေဆိုပေးရန်လိုအပ်ကြောင်း၊ လူနေမှုဘဝဘက်စုံဖွံ့ဖြိုးတိုးတက်ရန် မိဘပြည်သူများက အမျိုးသားရေးအမြင်ဖြင့် ပူးပေါင်းပါဝင်ကူညီပေးကြရန်နှင့် လူဦးရေစာရင်းများ မှန်ကန်မှအနာဂတ် လူနေမှုဘဝ တိုးတက်မြင့်မားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

(အောင်ကျော်ဦး)

ဂျပန်နိုင်ငံ၏ ပထမဦးဆုံးသော ဝန်ထမ်းရေးရာအာဏာပိုင်ဥက္ကဋ္ဌအဖြစ် အမျိုးသမီးကို စတင်ခန့်အပ်

တိုကျို မတ် ၉

ဂျပန်အစိုးရအဖွဲ့သည် ဝန်ထမ်းရေးရာအာဏာပိုင်ကော်မရှင်ဖြစ်သူ နာအိုမီအီချီမိယာကို ယင်းဌာန၏ဥက္ကဋ္ဌအဖြစ် ခန့်အပ်ရန် မတ် ၇ ရက်က သဘောတူညီခဲ့ကြကြောင်း အစိုးရအဖွဲ့တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်ဟု ကျိုဒိုသတင်းများ၌ ဖော်ပြထားသည်။

အသက်(၆၅)နှစ်ရှိ အီချီမိယာသည် အမျိုးသမီးတစ်ဦးဖြစ်ပြီး အနားယူသွားသည့် ဝန်ထမ်းရေးရာအာဏာပိုင်ဥက္ကဋ္ဌဖြစ်သူ ဆူနီယိုဟာရာ (၆၉)နှစ်၏နေရာ၌ အစားထိုးဝင်ရောက်မည်ဖြစ်ရာ ဂျပန်နိုင်ငံ၏ ပထမဦးဆုံးသော ဝန်ထမ်းရေးရာအာဏာပိုင်ဥက္ကဋ္ဌ ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

(အမ်အင်န်အေ-ကျိုဒို)

ဒီမိုကရေစီအနှစ်သာရ ခံစားလိုကအခွန်ပေးကြ





နည်းပညာ » » ALEZ

Mini Asus Chorme Box

ကွန်ပျူတာ မတ် ၁၄ ရက်တွင် ထွက်ရှိမည်

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း သတင်းကြီးနေခဲ့သော Asus ၏ Mini Chrome Box ကွန်ပျူတာမှာ ယခု မတ် ၁၄ ရက်တွင် အမှန်တကယ်ပင် ဈေးကွက်အတွင်းသို့ရောက်ရှိတော့မည်ဟုသိရသည်။ အဆိုပါ Mini Chrome Box ကွန်ပျူတာ၏ အရွယ်အစားမှာ အကျယ် ၄ ဒသမ ၈၈၀ လက်မရှိပြီး အမြင့် ၁ ဒသမ ၆၆ လက်မအရွယ်သာ ရှိသည်ဟု နည်းပညာ သတင်းစာမျက်နှာများတွင် တွေ့ရသည်။ အဆိုပါ ကွန်ပျူတာတွင် 802.11 b/g/n Wire-less စနစ်၊ USB 3.0 စနစ်၊ မော်နီတာနှင့် ချိတ်ဆက်အသုံးပြုနိုင်သည့် စနစ် အစရှိသည်များ ထည့်သွင်းထားပြီး

မှတ်ဉာဏ်အရည်အသွေး 2GB သို့မဟုတ် 4GB ပါဝင်မည်ဟု သိရသည်။ အရွယ်အစားသေးငယ်ပြီး ကွန်ပျူတာစွမ်းဆောင်မှုနည်းပညာအဆင့်အတန်းများ တိုးမြှင့်ဖန်တီးထုတ်လုပ်ထားသည်ဟု နည်းပညာသတင်းစာမျက်နှာများတွင် တွေ့ရှိရသည်။ Processor အရည်အသွေးပိုင်းမှာ Core i3 နှင့် Core i7 အဆင့်အမျိုးအစားများပါဝင်မည်ဖြစ်ပြီး အခြားကွန်ပျူတာများကဲ့သို့ အသုံးပြုနိုင်သောစနစ်များ ထည့်သွင်းထားသည်ဟုသိရသည်။ အဆိုပါ ကွန်ပျူတာ၏တန်ဖိုးကို အမေရိကန်ဒေါ်လာ ၁၇၉ ဒေါ်လာသတ်မှတ်ထားပြီး လာမည့် မတ် ၁၄ ရက်တွင် စတင်ဖြန့်ချိမည်ဟု သိရသည်။

မိတ္ထီလာမြို့နယ်တွင် ဆောင်းနေကြာ ပိုမိုစိုက်ပျိုးလာ

မိတ္ထီလာ မတ် ၉

မိတ္ထီလာမြို့နယ်တွင် မိုးနှောင်းကောင်း၍ ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့် ဆောင်းနေကြာကို တောင်သူများအားထားစိုက်ပျိုးလာလျက်ရှိကြောင်း သိရသည်။

"နေကြာမှာ မိုးနေကြာနဲ့ ဆောင်းနေကြာ နှစ်မျိုးရှိရာ မိုးဦးကာလမှာ စိုက်ပျိုးတဲ့နေကြာဟာ မိုးရွာသွန်းမှုကြောင့် ဖြစ်ထွန်းမှုအားနည်းတယ်။ ဒါကြောင့် မိုးနေကြာကို စိုက်ပျိုးသူအနည်းငယ်သာရှိတယ်။ ဆောင်းနေကြာမှာဆိုရင် ရေသွင်းစရာမလိုဘဲ အစိုဓာတ်ရှိရုံနဲ့ ထွန်ယက်ပြီး အစေ့ကြဲပက်စိုက်ပျိုးနိုင်တာကြောင့် အလုပ်သမားများ ငှားရမ်းစရာမလိုဘဲ မိသားစုဖြင့်သာ စိုက်ပျိုးနိုင်တယ်။ ဒါကြောင့် စိုက်ပျိုးစရိတ်သက်သာပြီး အကျိုးအမြတ်များစွာ ရရှိနိုင်သလို အခြား

ကောက်ပဲသီးနှံများမှာ သီးညှပ်စိုက်ပျိုးနိုင်တာကြောင့် တောင်သူများ မြေနေရာ သီးခြားစိုက်စရာမလိုတဲ့ ဆောင်းနေကြာကို ပိုမိုစိုက်ပျိုးလာကြတယ်။ **(အပေါ်ပုံ)** ဒီနှစ်ဆိုရင် မိုးနှောင်းကောင်းတာကြောင့် မြေအစိုဓာတ်များရရှိပြီး ပြီးခဲ့တဲ့နှစ်များထက် ဆောင်းနေကြာကို ကုလားပဲနဲ့ သီးညှပ်ပိုမိုစိုက်ပျိုးလာကြပါတယ်"ဟု ကုလားပဲကို သီးညှပ်အဖြစ် ဆောင်းနေကြာ စိုက်ပျိုးသည့် တောင်သူတစ်ဦးက ပြောသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

သန်းခေါင်စာရင်းကောက်ယူရေး ခရိုင်အဆင့်နည်းပြသင်တန်း ဖွင့်လှစ်

သထုံ မတ် ၉

မွန်ပြည်နယ် သထုံခရိုင်၏ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း ခရိုင်အဆင့် နည်းပြသင်တန်းကို မတ် ၆ ရက်မှ စတင်ကာ သထုံမြို့ အလက(၁) အထက(ခွဲ) ဉာဏ်ဝေယံအဆောင်၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်သန်းခေါင်စာရင်း ကောက်ယူရေးကော်မတီ ဥက္ကဋ္ဌကိုယ်စား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်လက်ထောက်ပညာရေးမှူး(စီမံ)ဒေါ်သန်းသန်းအေးက သင်တန်းစည်းမျဉ်းစည်းကမ်းများအား ရှင်းလင်းသည်။ အဆိုပါသင်တန်းကို မတ် ၆ ရက်မှ ၁၀ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သထုံခရိုင်အတွင်းရှိ ကိုယ်စားလှယ် သင်တန်းသား သင်တန်းသူ ၁၃၃ ဦးတို့အား သန်းခေါင်စာရင်းကောက်ယူရာတွင် တိကျမှန်ကန်စွာဖြင့် စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် အခြေခံစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများကို နည်းပြ ၁၈ ဦးက နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပုလဲသွယ်စပ်မျိုးစပါးစိုက်ပျိုးထုတ်လုပ်မှု နည်းပညာဆွေးနွေး

သာယာဝတီ မတ် ၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် အင်းရွာ စိုက်ပျိုးရေး ပညာပေးစခန်းတွင် သာယာဝတီမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ ကြီးမှူးကျင်းပသော မြေဩဇာစနစ်တကျ အကျိုးရှိစွာ သုံးစွဲနည်းနှင့် တစ်ဧက စပါးတင်း ၂၀၀ ကျော်ထွက်ရှိနိုင်မည့် ပုလဲသွယ် စပ်မျိုးစပါး စိုက်ပျိုးထုတ်လုပ်မှု (GAP) နည်းပညာ ဆွေးနွေးပွဲကို မတ် ၅ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်စွာရဲက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဆည်မြောင်းဦးစီးအရာရှိ၊ မြို့နယ်စီမံကိန်း ဦးစီးအရာရှိနှင့် မြို့နယ်အထောက်အကူပြုကော်မတီအတွင်းရေးမှူးတို့က တောင်သူများအား အသိပညာပေးဆွေးနွေးဟောပြောကြသည်။ ထို့နောက် မြေဩဇာအသုံးချမှု နည်းပညာ ခရိုင်တာဝန်ခံ၊ ပိုးမွှားရောဂါကာကွယ်ရေးဆိုင်ရာ ခရိုင်တာဝန်ခံနှင့် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသူတို့က (GAP)နည်းပညာဆိုင်ရာများကို အသီးသီးရှင်းလင်းဆွေးနွေးပညာပေးကြသည်။ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ တောင်သူများ အင်အား ၁၀၀ ကျော်ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

အရပ်ရပ်အခွင့်အရေးလိုင်စင်များ လေလံတင်ရောင်းချ

ညောင်လေးပင် မတ် ၉

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် အရပ်ရပ် အခွင့်အရေးလိုင်စင်များ ပထမအကြိမ် လေလံတင်ရောင်းချခြင်းကို မတ် ၃ ရက် နံနက် ၉ နာရီက အာဇာနည်လမ်းရှိ သီရိရတနာခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟံစိုး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှကြည်နှင့် လေလံတင်ရောင်းချရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအမ်လှသောင်းတို့က အမှာစကားပြောကြားပြီး ဒုတိယဦးစီးမှူး ဦးဇော်ဝင်းက လေလံတင်ရောင်းချရေးနှင့် ပတ်သက်၍ စည်းကမ်းချက်များကို အကျယ်တဝင့်ရှင်းလင်းကာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အရပ်ရပ်အခွင့်အရေးလိုင်စင်များအား အများပြည်သူများရှေ့တွင် ပွင့်လင်းမြင်သာစွာ လေလံတင်ရောင်းချခဲ့ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ကွန်ကရစ်လမ်းဖွင့်

ရန်ကုန်　မတ်　၉

အင်းစိန်မြို့နယ်အတွင်း ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် လည်းကောင်း၊ ပြည်သူလူထု၏ ထည့်ဝင်ငွေများဖြင့် ယခုလဆန်းက အကောင်အထည် ဖော်ခဲ့သည့် ပိန္နဲကုန်းရပ်ကွက် ပိတောက်ရိပ်သာ လမ်းသွယ်(၁၊၂)လမ်း၊ မြို့သစ်(က+ခ)ရပ်ကွက်(က-၄) လမ်းမှ(က-၇)လမ်းထိဖြတ်လမ်းများ၊ ကွန်ကရစ်လမ်းများ၊ တညင်းကုန်းရပ်ကွက် နယ်မြေ(၁၀)ရွာလယ်လမ်းရှိ ကျေးလက်ကျန်းမာရေးဆေးခန်းသစ်အဆောက်အအုံ များကို တစ်နေ့တည်း သုံးနေရာတွင် တစ်ပြိုင်တည်း ဖွင့်လှစ်ပေးပြီးဖြစ်သည်။

ပိန္နဲကုန်းရပ်ကွက်တွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းမြင့်က လည်း ကောင်း၊ မြို့သစ်(က+ခ)ရပ်ကွက်အတွင်းရှိ (က-၄) လမ်း မှ(က-၇)လမ်းအထိ ဖြတ်လမ်းများကွန်ကရစ်ခင်းကျင်း ခြင်းကို အင်းစိန်-မင်္ဂလာဒုံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနုကလည်း ကောင်း ဖွင့်လှစ်ပေးခဲ့သည်။

တညင်းကုန်းရပ်ကွက်အတွင်းရှိ ပြည်သူများ၊ သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးစောင့်ရှောက်မှုအလို အပ်ဆုံး ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်း ဆောက်လုပ်မှု အဆောက်အအုံသစ်ဖွင့်ပွဲကို ရန်ကုန် တိုင်းဒေသကြီး အင်းစိန်မဲဆန္ဒနယ် အမှတ်(၁)၊ တိုင်းဒေသကြီးတိုင်းရင်းသားရေးရာ ကိုယ်စားလှယ်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ဝင်၊ တိုင်းဒေသကြီးလွှတ် တော်ကိုယ်စားလှယ် ဦးစောဆန်နီချန်းက ဖွင့်လှစ်ပေး ခဲ့သည်။

(မြဇေ)

ကလေးဝမြို့ အမြန်ရေယာဉ်ဆိပ်ကမ်းတွင် ဈေးရောင်းသူများသတိဖြင့် ရောင်းချသင့်

ကလေး　မတ်　၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့ အမြန်ရေယာဉ်ဆိပ်ကမ်းတွင် ဈေးရောင်းချသူများအနေဖြင့် စနစ်တကျ အဝင်၊ အထွက်ပြုလုပ်၍ ရောင်းချ သင့်သည်။ ခရီးသွားပြည်သူတို့ စိတ်အနှောင့်အယှက်မဖြစ်စေရေးနှင့် မိမိ အသက်အန္တရာယ်မရရှိစေရေးသတိဖြင့် ရောင်းချသင့်သည်။

"ဒီလိုဖြစ်နေတာ ကြာပါပြီ၊ တာဝန်ရှိသူတွေက တားမြစ်ပေမယ့် စည်းကမ်းလိုက်နာမှုမရှိပါဘူး၊ ၂၀၁၃ ခုနှစ်အတွင်းကဒီလို ဈေးရောင်းကြရင်း အမြန်ရေယာဉ်ပေါ်မှ ပြုတ်ကြကာ ပန်ကာခုတ်မိပြီး သေဆုံးတဲ့ဖြစ်ရပ်လည်း ရှိခဲ့ပါတယ်၊ နောက်တော့ အမှုရင်ဆိုင်ရတာက အမြန်ရေယာဉ်မောင်းသူပဲ ဖြစ်ပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

"ဈေးရောင်းတာကတော့ သူတို့ရဲ့ စားဝတ်နေရေးအတွက် ရောင်းတာ ဖြစ်လို့ ဘာမှမပြောလိုပါဘူး၊ ပြောရင်လည်းကျေးလက်လူမှုစီးပွားဖွံ့ဖြိုးရေး တွေ ဘာတွေပြန်ပြောဦးမယ်၊ ဒါပေမယ့် ခရီးသည်တွေကိုတော့ စိတ်အနှောင့် အယှက်မပေးသင့်ပါဘူး၊ သူတို့အတွက်လည်း အန္တရာယ်အရမ်းများပါတယ်၊ တချို့ ဈေးရောင်းသူတွေဆိုရင် အမြန်ရေယာဉ်က ကမ်းကိုမကပ်ရသေးဘူး လှေတွေနဲ့ ပြေးကပ်လာ၊ ပြေးလိုက်လာတာတွေရှိတယ်၊ တချို့ကြတော့လည်း အမြန်ရေယာဉ်ကမ်းကပ်ကပ်ချင်း ပြေးတက်လာကြပြီး ခရီးသည်ဆင်းမယ့် လမ်းတွေကို ပိတ်လိုက်ကြတော့တယ်၊ ဆင်းမယ့်ခရီးသည်တွေက ဆင်းလို့ မရကြတော့ဘူး၊ ပြောပြန်ရင်လည်း ပြန်ပြီးရန်တွေ့တာတွေရှိတော့ခရီးသည် တွေမှာ စိတ်အနှောင့်အယှက် လွန်စွာဖြစ်ရပါတယ်"ဟု ခရီးသည် တစ်ဦးက ပြောသည်။

(လင်းလက်ကြယ်စင်)

ယာဉ်မောင်းသင်တန်း(အထူး)ဘားအံတွင် ဖွင့်လှစ်

ဘားအံ　မတ်　၉

ကရင်ပြည်နယ် ဘားအံမြို့တွင်ရှိသည့် အခြေခံယာဉ်မောင်းနှင့် ထိန်းသိမ်းမှုသင်တန်း ကျောင်းတွင် ယခုလဆန်းပိုင်းက ယဉ်မောင်းသင်တန်း(အထူး)အမှတ်စဉ်(၁/၂၀၁၄)ကို ဖွင့်လှစ်ခဲ့ သည်။

အဆိုပါယာဉ်မောင်းသင်တန်း(အထူး) အမှတ်စဉ်(၁/၂၀၁၄)တွင် ကရင်ပြည်နယ်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးက "ကရင်ပြည်နယ်တွင် ယာဉ်နှင့်ပတ်သက်သည့် ယာဉ်လိုင်စင်၊ လူနှင့် ပတ်သက်သည့် ယာဉ်မောင်းလိုင်စင်များကို(One Stop Service)ဖြင့် သတ်မှတ်စည်းကမ်းချက် ကိုက်ညီပါက ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မြန်မာ့အလင်းသတင်းစာတွင်လည်း 'ယာဉ်မောင်းလိုင်စင်ထုတ်ပေးမှုစနစ်' ဆိုသည့် ဆောင်းပါးကို ဖတ်ရှုကြည့်လျှင် အခုလိုစနစ်တကျသင်တန်းတက်ရောက်မှုမရှိခြင်း၊ မောင်းနှင်လိုင်စင်မရှိဘဲ ယာဉ်တိုက်မှုဖြစ်ပွားရခြင်းသည် ၅၅ ဒသမ ၄၃ ရာခိုင်နှုန်းကျော်ရှိကြောင်း ပြောခဲ့သည်။

ဘားအံမြို့တွင်ဖွင့်လှစ်ထားသော သင်တန်းကျောင်းမှာ ဒေသတွင်းလူ့စွမ်းအားအရင်းအမြစ် များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအားစနစ်တကျသိရှိနားလည် စေခြင်းဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရန်၊ ယာဉ်ကိုစနစ်တကျ ကိုင်တွယ်မောင်းနှင်နိုင်သော ယာဉ်မောင်းကောင်းများပေါ်ထွက်လာစေရန်၊ တိုးမြှင့်လာသောလစာနှင့် စရိတ်များကာမိစေရန်နှင့် ဌာနဝင်ငွေတိုးတက်ရရှိစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ပေးထားကြောင်း သိရ သည်။**(အောက်ပုံ)**

(ကြေးမုံ)

ကျေးလက်ရေရရှိရေးဆောင်ရွက်

သထုံ မတ် ၉။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် သထုံမြို့နယ်အတွင်းရှိ ကျေးလက်ရေပေးရေး လုပ်ငန်းများဖြစ်သော ဇကာကြီးကျေးရွာ၌ မြေသားကန်တစ်ကန်၊ ဇရစ် ချောင်းကျေးရွာ၌ အဝီစိတွင်းနက် တစ်တွင်းကို ဟံသာကုမ္ပဏီက ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

(မြို့နယ်ကျေးလက်ဦးစီး)









စတမ်းဖို့ဘရစ်ချ်၌ စပါးအသင်းကို လေးဂိုးပြတ်သွင်း အမှတ်ပေးဇယားကို ချယ်လ်ဆီးဆက်လက်ဦးဆောင်

ပရီမီယာလိဂ်ပွဲစဉ်(၂၉)၏ ပရိသတ်စိတ်ဝင်စားမှု အကောင်းဆုံးပွဲစဉ်အဖြစ် သတ်မှတ်ခြင်းခံခဲ့ရသော အမှတ်ပေးဇယားထိပ်ဆုံးမှ ချယ်လ်ဆီးအသင်းနှင့် စပါးအသင်းတို့၏ ပွဲစဉ်တွင် အိမ်ကွင်းယှဉ်ပြိုင်ကစားခဲ့ရသည့် ချယ်လ်ဆီးအသင်းသည် ဧည့်သည်စပါးအသင်းအား လေးဂိုးပြတ်အနိုင်ရရှိကာ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

ယင်းပွဲစဉ်တွင် နှစ်သင်းစလုံးသည် တစ်ဖက်နှင့်တစ်ဖက်အမှားမခံဘဲ အကြိတ်အနယ်ကစားခဲ့ရာ ပထမပိုင်းပွဲကစားချိန်တွင် ဂိုးမရှိသရေပွဲဖြစ်ခဲ့သော်လည်း ဒုတိယပိုင်းတွင် စပါးအသင်းမှ နောက်ခံကစားသမားများ၏ အမှားများမှတစ်ဆင့် ချယ်လ်ဆီးအသင်းနိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ပွဲကစားချိန် ၅၆ မိနစ်တွင် စပါးနောက်ခံကစားသမားဗာတွန်ဂန်၏ အမှားမှတစ်ဆင့် ချယ်လ်ဆီးတိုက်စစ်မှူးအီတိုးက ချယ်လ်ဆီးအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးခဲ့ပြီး ပွဲကစားချိန် ၅၉ မိနစ်တွင် စပါးနောက်တန်းကစားသမားကာဘူးလ်က ချယ်လ်ဆီးတိုက်စစ်မှူး အီတိုးအား ကြမ်းတမ်းစွာကစားခဲ့မှုကြောင့် အနီကတ်ပြထုတ်ပယ်ခြင်းခံခဲ့ရသည့်အပြင် ပင်နယ်တီကန်ခွင့်ပါပေးလိုက်ရသဖြင့် ရရှိလာသည့် ပင်နယ်တီကို ချယ်လ်ဆီးတိုက်စစ်မှူး ဟာဇက်က သွင်းယူပေးခဲ့သဖြင့် ချယ်လ်ဆီးအသင်း ဒုတိယဦးဆောင်ဂိုးရရှိခဲ့သည်။

ထို့နောက် စပါးအသင်းက ဆင်းဂတ်ဆန်၏နေရာတွင် ကွင်းလယ်ကစားသမား ပေါလင်ဟိုကို ထည့်သွင်းကာ ကစားကွက်ပြောင်းခဲ့သလို ချယ်လ်ဆီးအသင်းက ရှာရယ်လ်၏နေရာတွင် ဝီလျံကိုလည်းကောင်း၊ အဖွင့်ဂိုးသွင်းယူပေးခဲ့သည့် တိုက်စစ်မှူးအီတိုး၏ နေရာတွင် တိုက်စစ်မှူးဒမ်ဘာဘာကိုလည်းကောင်း ထည့်သွင်းကစားစေခဲ့သည်။ ပွဲကစားချိန် ၈၈ မိနစ်နှင့် မိနစ် ၉၀ တို့တွင် လူစားလဲဝင်ရောက်လာသည့် တိုက်စစ်မှူးဒမ်ဘာဘာက နှစ်ဂိုးသွင်းယူပေးခဲ့သဖြင့် ကစားသမားတစ်ယောက်လျော့ဖြင့် ကစားခဲ့ရသည့် စပါးအသင်း အဝေးကွင်းတွင် ရှုံးပွဲကြုံခဲ့ပြီး ချယ်လ်ဆီးအသင်းအနေဖြင့် ယခုပွဲစဉ်တွင် စပါးအသင်းကို လေးဂိုးပြတ်အနိုင်ရရှိကာ ရမှတ် ၆၆ မှတ်ဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

မန်ယူနိုက်တက်အသင်း ဝက်စ်ဘရွန်းအသင်းနည်းပြ ပီပီမဲလ်ဆို

ဇန်ပါစီအား အနီကတ်ပြထုတ်ပယ်သင့်ဟု ဝက်စ်ဘရွှန်းနည်းပြ ပီပီမဲလ်ဆို

စနေနေ့ညပိုင်း၏ ပရီမီယာလိဂ်ပွဲစဉ်(၂၉) အစောပိုင်းပွဲစဉ်တစ်ပွဲဖြစ်သည့် ဝက်စ်ဘရွန်းအသင်းနှင့် မန်ယူအသင်းတို့၏ ပွဲစဉ်တွင် မန်ယူတိုက်စစ်မှူး ရော်ဘင်ဗန်ပါစီအား အနီကတ်ပြထုတ်ပယ်ခဲ့သင့်ကြောင်း ဝက်စ်ဘရွန်းအသင်းနည်းပြ ပီပီမဲလ်က ပြောကြားခဲ့သည်။

မန်ယူအသင်းက ဝက်စ်ဘရွန်းအသင်းအား သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် အဆိုပါပွဲစဉ်တွင် မန်ယူတိုက်စစ်မှူး ရော်ဘင်ဗန်ပါစီသည် ဝက်စ်ဘရွန်းကွင်းလယ်ကစားသမား အမယ်လ်ဖီတာနိုနှင့် နောက်ခံလူ စတီဗင်ရိဒ်တို့ကို ကြမ်းတမ်းစွာကစားခဲ့သော်လည်း ကွင်းလယ်ဒိုင် ဂျွန်မို့စ်အနေဖြင့် အဝါကတ်ပြားပြသကာ သတိပေးခဲ့ခြင်းသာ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဝက်စ်ဘရွန်းကစားသမားနှစ်ဦးအား ကြမ်းတမ်းစွာကစားခဲ့ခြင်းနှင့် ပတ်သက်၍ မန်ယူတိုက်စစ်မှူး ရော်ဘင်ဗန်ပါစီအား အနီကတ်ပြ ထုတ်ပယ်သင့်ကြောင်း ဝက်စ်ဘရွန်းနည်းပြပီပီမဲလ်က ပြောကြားခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ပွဲစဉ်တွင် မန်ယူအသင်းအတွက် အနိုင်ဂိုးများကို နောက်ခံလူ ဖီးဂျုံးစ်၊ တိုက်စစ်မှူးရွန်းနီနှင့် ဝဲဘက်တို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ငွေကြယ်

နွေရာသီမျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၉

မျိုးဆက်သစ်လူငယ်ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်လျက် ဥက္ကလာဂေါက်လေ့ကျင့်ရေးကွင်းမှ စီစဉ်သော နွေရာသီလူငယ်အခြေခံ ဂေါက်သီးရိုက်သင်တန်းကို မတ် ၁၇ ရက်မှ ၃၀ ရက်အထိ (ရက်သတ္တနှစ်ပတ်ကြာ) အဆိုပါဂေါက်လေ့ကျင့်ရေးကွင်း၌ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းအချိန်မှာ တနင်္လာနေ့မှ စနေနေ့အထိဖြစ်ပြီး နေ့စဉ် နံနက် ၉ နာရီမှ ၁၁ နာရီအထိလက်တွေ့ သင်ကြားပေးမည်ဖြစ်သည်။

လူငယ်အခြေခံ ဂေါက်သီးရိုက်သင်တန်းကို ဦးဆန်းထွန်း PGA Professional ဦးစီးသော ဝါရင့်နည်းပြဆရာများက စနစ်တကျသင်ကြားပေးမည်ဖြစ်ပြီး အသက်(၈)နှစ်မှ (၁၆)နှစ်အကြား မျိုးဆက်သစ်လူငယ်မောင်မယ်များကို လက်ခံသင်ကြားပေးမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် မတ် ၁၆ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၂၅၀၆၂၂၄၇၉ နှင့် ၀၉-၅၁၇၈၂၇၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/မြို့သစ်၊ မြေကွက်အမှတ်-၄၊ မြေကွက်တည်နေရာအမှတ်(၂၁၁)၊ အောင်သီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်(ဒေါ်ထား)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ထားထံမှ ပိုင်ဆိုင်စာချုပ်-၄၅၂၄/၂၀၁၁၊ ၅-၈-၁၁ဖြင့်ရရှိခဲ့သူ ဒေါ်စိန်လှိုင်[၁၂/ဒပန(နိုင်)၀၀၂၄၆၅] ကိုယ်စား GP (၅၄၈၀/၁၃)ရသူ ဦးမြင့်လှိုင် [၁၄/ကလန(နိုင်)၀၇၅၁၉၉]မှ အမည်ပြောင်းလျှောက်ထားလာရာ ၁၈-၈-၂၀၁၀ ရက်တွင် ကူးယူခဲ့သော အရောင်းမြေပုံ(မူရင်း)သည် အသုံးပြုခြင်းမရှိဘဲ အထားအသို မှားယွင်းကာ ပျောက်ဆုံးသွားပါကြောင်း ကျမ်းကျိန်လွှာ တင်ပြလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများတင်ပြ၍ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စာအုပ်စာပေလှူမိတ်ဆွေ

အရက်မူးအောင်တိုက်ကာ အိပ်ပျော်သွားစဉ် ထိုင်းနိုင်ငံသို့ ရောင်းစားခံရ

စက်လှေပိုင်ရှင်ထံ ဘတ်ငွေ ၂၅၀၀၀ ဖြင့် ရောင်းစားခဲ့

နေပြည်တော် မတ် ၉

မွန်ပြည်နယ် ကျိုက္ခမီမြို့မှ အမျိုးသားတစ်ဦးအား အရက်မူးအောင်တိုက်ကာ အိပ်ပျော်သွားစဉ် ထိုင်းနိုင်ငံသို့ ခေါ်ဆောင်သွားပြီး ငါးဖမ်းစက်လှေပိုင်ရှင်ထံ ရောင်းစားခဲ့သူ ဝင်းထိုက်အား မတ် ၅ ရက်တွင် မုဒုံမြို့မရဲစခန်းမှ လူကုန်ကူးမှုဖြင့် အရေးယူထားကြောင်းသိရသည်။

ဖြစ်စဉ်မှာ ကျိုက္ခမီမြို့နေ မောင် ---သည် ၂၀၁၃ ခုနှစ် မေလခန့်က ကျိုက္ခမီမြို့နယ် ဆင်ဘုန်းကျေးရွာရှိ ဇနီးဖြစ်သူထံ သွားရောက်စဉ် မုဒုံဈေးအနီး၌ ခေတ္တကားရပ်နားသဖြင့် ဝင်းထိုက်ဆိုသူနှင့် တွေ့ရှိခင်မင်ပြီး အရက်အတူသောက်ခဲ့ရာ မောင်---သည် အရက်မူးလွန်အိပ်ပျော်သွားခဲ့ကြောင်း၊ အမူးပြေလာသည့်အချိန်တွင် ဘုရားသုံးဆူရှိ အမည်မသိကရင်လူမျိုးတစ်ဦး၏နေအိမ်တွင် ဝင်းထိုက်နှင့်အတူ ရောက်ရှိနေကြောင်း၊ နံနက် ၂ နာရီခန့်တွင် ဝင်းထိုက်က အိမ်ပြန်ပို့မည်ဟု ပြောပြီး ဗင်ကားဖြင့် ခေါ်ဆောင်ခဲ့ရာ ထိုင်းနိုင်ငံ မဟာချိုင်ဆိပ်ကမ်းသို့ ရောက်ရှိခဲ့ကြောင်း၊ ထိုင်းငါးဖမ်းစက်လှေ(အမှတ်-၁၂၇)ပေါ် ရောက်ရှိခဲ့ပြီး ဝင်းထိုက်က စက်လှေပိုင်ရှင်ထံ ထိုင်းဘတ်ငွေ ၂၅၀၀၀ ဖြင့် ရောင်းစားခဲ့ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ IOM (အင်ဒိုနီးရှား)အဖွဲ့တို့၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံသို့ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

ကျိုက္ခမီမြို့နယ်မှ မောင်----အား အရက်မူးအောင်တိုက်ကာ အိပ်ပျော်သွားစဉ် ထိုင်းနိုင်ငံသို့ ခေါ်ဆောင်သွားပြီး ငါးဖမ်းစက်လှေတွင်ရောင်းစားခဲ့သူ ဝင်းထိုက်(စုံစမ်းဆဲ) အပေါ် ဥပဒေအရ အရေးယူပေးရန် အမှတ်(၉)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု မော်လမြိုင်က တရားလိုပြုလုပ်တိုင်တန်းသဖြင့် ၂၀၁၄ ခုနှစ် မတ် ၅ ရက်တွင် မုဒုံမြို့မရဲစခန်းက (ပ)၂၇/၂၀၁၄၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် အမှုဖွင့်အရေးယူထားရှိသည်။

ကိုကိုရှူပ(နေပြည်တော်)

စလင်းဝက်သည်းကန်တော်ကြီး ရေရှည်တည်တံ့စေရေး ဒေသခံများလိုလား

စလင်း မတ် ၉

စလင်းမြို့၏ ကျက်သရေဆောင် သမိုင်းဝင် ဝက်သည်းကန်တော်ကြီး ပြုပြင်ထိန်းသိမ်းမှု အားနည်းနေပြီး စည်ကမ်းမဲ့ အမှိုက်စွန့်ပစ်သူများနှင့် ငါးဖမ်းသူအချို့ကြောင့် ကန်တော်ကြီး တိမ်ကောပျောက်ကွယ်သွားမည်ကို ဒေသခံများစိုးရိမ်လျက်ရှိကြောင်းသိရသည်။

စလင်းမြို့၏ အနောက်ဘက်တွင်တည်ရှိသော စလင်းဝက်သည်းကန်ကြီးသည် မြန်မာစာပေ၊ ဂီတလောကတွင် အထင်ကရစပ်ဆိုသီကျူးရသည့် သာယာလှပသည့် ကန်တော်ကြီးဖြစ်ပြီး လွန်ခဲ့သည့် နှစ်ပေါင်း ၈၀၀ ကျော်က တူးဖော်ခဲ့သော ရှေးဟောင်းကန်ကြီးဖြစ်သည်။ ခရစ်သက္ကရာဇ် ၁၁၉၄ ခုနှစ်၊ ကောဇာသက္ကရာဇ် ၅၅၆ ခုနှစ် ပုဂံပြည့်ရှင် နရပတိစည်သူမင်းလက်ထက်တွင် စလင်းနယ်သားများ၏လုပ်အားဖြင့် တူးဖော်ခဲ့သောကန်တော်ကြီးဖြစ်သည်။ ၁၀၈၈ ကေကျယ်ဝန်းပြီး ၁၉၅၃ခုနှစ်၌ နိုင်ငံတော် အစိုးရက သားငှက်တိရစ္ဆာန်ဘေးမဲ့တောကြီးဝိုင်းအဖြစ် သတ်မှတ်ထိန်းသိမ်းခဲ့သည်။ ယင်းကန်တော်ကြီးကို အမှီပြု၍ စပါးစိုက်ပျိုးသောကျေးရွာများနှင့် ကြာသက်နှင်းရက်ရာတွင် ကြာချည်မျှင်များထုတ်ယူရန်၊ ကုန်ပစ္စည်းထုပ်ပိုးရန် ကြာရွက်ခူးသူများအတွက် အကျိုးပြုလျက်ရှိသည်။ သို့သော် သက်ဆိုင်ရာမှ သတိပေးကြပ်မတ်မှုများဆောင်ရွက်နေသည့်ကြားမှပင် စည်းကမ်းမဲ့ငါးဖမ်းသူအချို့သည် ကန်အတွင်း ဘက်ထရီ ရှော့တိုက်ခြင်း၊ စိုက်ပျိုးရေးသုံး ဆေးပစ္စည်းများ ရေအတွင်း ချကာ ငါးဖမ်းခြင်းများ ပြုလုပ်လျက်ရှိသည်။

ထို့အပြင် ကန်အတွင်း၌ ကျူရိုင်းပင်များပေါက်ရောက်လျက်ရှိပြီး ကန်ဘေးပတ်လည်တွင်လည်း စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများကြောင့် အမှိုက်သရိုက်များဖြင့် အကျည်းတန်လျက်ရှိသည်ကို တွေ့ရသည်။ သို့ဖြစ်ပါ၍ ကန်အတွင်းရှိရေနေသတ္တဝါများနှင့် ရေကန်တော်ကြီး တိမ်ကောပပျောက်မသွားစေရေးနှင့် မြို့၏ကျက်သရေဆောင် စလင်းဝက်သည်းကန်တော်ကြီးအား ပြည်တွင်း ပြည်ပခရီးသွားများအတွက် ဆွဲဆောင်မှုတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ပေးရန် ဒေသခံများကလိုလားလျက်ရှိကြောင်း သိရသည်။

ဖူးပွင့်နေခြည်(မကွေး)

ဓာတ်ဆီပီပါများ တင်ဆောင်သည့်ကား တံတားဖြတ်သန်းစဉ် ကျိုးကျ

မော်လူး မတ် ၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးမြို့ကိုဖြတ်သန်းသွားသည့် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးဘေးရှိ တံတားတစ်စင်းပေါ်တွင် မတ် ၁ ရက် ည ၈ နာရီက ဆီပီပါများတင်ဆောင်ထားသည့် မော်တော်ယာဉ်တစ်စီးဖြတ်သန်းစဉ် တံတားကျိုးကျမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေဘိုဘက်မှ မြစ်ကြီးနားဘက်သို့ မောင်းနှင်လာသည့်၊ ယာဉ်မောင်း ဦးမြင့်အေး စက်မှု(၁) မန္တလေးမြို့နှင့်ယာဉ်နောက်လိုက် ဦးမောင်ထွန်း ကုတ်ကဲရွာ မြင်းခြံမြို့တို့လိုက်ပါမောင်းနှင်လာသည့် ဓာတ်ဆီပီပါ အလုံး ၉၀ တင်ဆောင်ထားသည့် ယာဉ်အမှတ် ၂ဃ/---သည် မော်လူးကျေးရွာအဝင် ပြည်ထောင်စုလမ်းမကြီး အရှေ့ဘက် ရပ်ကွက် (၃)ရှိ တံတားပေါ်သို့ ဖြတ်သန်းစဉ် တံတားကျိုးမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း မော်လူးကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံမှ သိရသည်။ **(၆၈၅)**

ကြို့ပင်ကောက်မြို့တွင် အင်ဟာတာအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား

ကြို့ပင်ကောက် မတ် ၉

ကြို့ပင်ကောက်မြို့ ဈေးချိုမြောက်ရပ်ကွက် ရုံးလမ်းနှင့်အရှေ့ဘက်ဘုရားကြီးလမ်းထောင့်ရှိ ကိုထွန်းထွန်း ဒစ်ဂျစ်ဒယ်ဓာတ်ပုံလုပ်ငန်းဆိုင်ရှိ အင်ဗာတာ အပူလွန်ကဲရာမှ မတ် ၉ ရက် နံနက် ၂ နာရီက မီးစတင်လောင်ကျွမ်းခဲ့ရာ စည်ပင်သာယာဆိုင်ခန်းသုံးခန်း မီးလောင်ကျွမ်းခဲ့သည်။ အဆိုပါမီးလောင်ရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ရဲကျော်စွာဖြူဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင် ၂၉ ဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့မရဲစခန်းမှူးဦးစီးတပ်ဖွဲ့ဝင် ၁၅ ဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူများ မီးသတ်ယာဉ်သုံးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီ ၁၅ မိနစ်တွင် မီးလုံးဝငြိမ်းခဲ့သည်။ မီးပေါ့ဆသူ ကိုထွန်းထွန်းအား ကြို့ပင်ကောက်မြို့မရဲစခန်းက (ပ)၁၀၅/၁၄၊ ပြစ်မှုပုဒ်မ-၂၈၅ အရ အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ **(၁၂၄)**





လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့်ဒီပလိုမာစာရင်းကိုင်စာမေးပွဲ အောင်လက်မှတ်ပေးအပ်ခြင်းနှင့်ဆုချီးမြှင့်ခြင်းအခမ်းအနားသို့တက်ရောက်ရန်ဖိတ်ကြားခြင်း

၁။ မြန်မာနိုင်ငံစာရင်းကောင်စီ၏(၁၁)ကြိမ်မြောက် လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့်ဒီပလိုမာစာရင်းကိုင် စာမေးပွဲအောင်လက်မှတ်ပေးအပ်ခြင်းနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း၊ ၁/၁၉ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်တွင် ၂၇-၄-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၉း၃၀နာရီ၌ ကျင်းပပါမည်။

၂။ အဆိုပါ အခမ်းအနားတွင် ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလနှင့်ဩဂုတ်လတို့တွင် ကျင်းပခဲ့သောလက်မှတ်ရပြည်သူ့စာရင်းကိုင် (ဒုတိယပိုင်း)အမှတ်စဉ် (၃၆)၊ (၃၇) စာမေးပွဲများနှင့် ၂၀၁၃ခုနှစ် မေလတွင်ကျင်းပခဲ့သော ဒီပလိုမာစာရင်းကိုင် (ဒုတိယပိုင်း) စာမေးပွဲအောင်မြင်သူများကို အောင်လက်မှတ်များပေးအပ်မည်ဖြစ်ပါသည်။

၃။ အထက်အပိုဒ်(၂)ပါ စာမေးပွဲအသီးသီးနှင့်၂၀၁၃ခုနှစ်၊ ဇန်နဝါရီလနှင့် မတ်လတွင် ကျင်းပခဲ့သည့် ဒီပလိုမာစာရင်းကိုင်(ပထမပိုင်း)သင်တန်းစာမေးပွဲနှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပထမပိုင်း)(အမှတ်စဉ်-၃၈)စာမေးပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယအဆင့်ဖြင့် အောင်မြင်သူများနှင့် ဘာသာရပ်အလိုက် အမှတ်အများဆုံးရရှိသူများကိုလည်း ငွေသားဆုများချီးမြှင့်မည်ဖြစ်ပါ၍ အောင်လက်မှတ်နှင့် ဆုလက်ခံရယူမည့် သင်တန်းသား၊ သင်တန်းသူအားလုံးကို အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားပါသည်။

၄။ အောင်လက်မှတ်တက်ရောက်ယူမည့်သူများသည် အောင်လက်မှတ်ကြေးကျပ်-၅၀၀၀နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၁)ပုံ၊ ဆုလက်ခံရယူမည့်သူများသည် တက်ရောက်ခွင့်လျှောက်လွှာကို အပိုဒ်(၁)ပါလိပ်စာတွင် ၂၀၁၄ခုနှစ်၊ မတ်လ၁၀ရက်မှ ဧပြီလ(၄)ရက်အတွင်း ပေးသွင်းလျှောက်ထားရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံစာရင်းကောင်စီ

ပျောက်ဆုံးကြောင်း

ကျွန်မ မအေးအေးခိုင်(ဘ)ဦးသန်းဝင်း [၁၂/ဗဟန(နိုင်) ၀၀၃၆၁၇]၏ နိုင်ငံကူးလက်မှတ်ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၁၀၇၁၄၉၃

ရှမ်းပြည်နယ်ရှိ အင်းလေးကန်အတွင်း ရေပေါ်ဟိုတယ်အားတွေ့ရစဉ်။

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်း

မန္တလေး၊ မတ် ၉

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအား ထိရောက်စွာဆောင်ရွက်နိုင်ပြီး ပိုမိုတိုးတက် ကောင်းမွန်စေရန် အတွက် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဟူ၍ ဇန်နဝါရီ ၁ ရက်မှ စတင်ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ခရီးသွားများအတွက် ဝန်ဆောင်မှုများပေးလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန လက်အောက်ရှိ မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနှင့် ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားမှု ဦးစီးဌာနတို့အား ပိုမိုထိရောက်စွာ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဟူ၍ ပြင်ဆင်ဖွဲ့စည်းလိုက်ခြင်းဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးနောင်နောင်လင်းအောင်က ပြောသည်။

"အရင်ကရှိနေတဲ့ လုပ်ငန်းခွဲတွေကို ပူးပေါင်းပြီး ပြင်ဆင်ဖွဲ့စည်းလိုက်တာပါ။ ဒီလိုဖွဲ့စည်းပြီး ခရီးသွားလုပ်ငန်း တိုးတက်ရေးအတွက် ထိရောက်စွာ ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်"ဟု ၎င်းက ဆိုသည်။

မန္တလေးမြို့သို့ နိုင်ငံခြားသား ခရီးသွားများ ဝင်ရောက်မှု ပိုမိုများပြားလာခြင်းကြောင့် ခရီးသွားများအတွက် ပိုမိုထိရောက်စွာဝန်ဆောင်မှုများပေးနိုင်ရန်အတွက် သတင်းနှင့်ပြန်ကြားရေး ကောင်တာများလည်း ဖွင့်လှစ်ထားရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ဘူတာကြီး၊ လေဆိပ်နဲ့ ဆွမ်းဟိုတယ်နားမှာ သတင်းနှင့် ပြန်ကြားရေးကောင်တာ သုံးခု ဖွင့်လှစ်ပြီး ခရီးသွားတွေအတွက် ဝန်ဆောင်မှုပေးနေပါတယ်" ဟု ၎င်းက ပြောသည်။

စစ်တမ်းများအရ မန္တလေးမြို့သို့ နိုင်ငံခြားသား ဧည့်သည်ဝင်ရောက်မှုမှာ ၂၀၁၂ ခုနှစ်တွင် ၁၆၀၉၇၅ ဦး ဝင်ရောက်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ၂၁၉၅၁၈ ဦး လာရောက်ခြင်းကြောင့် ၅၈၅၄၃ ဦး ပိုမိုဝင် ရောက်ခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၃၆ ရာခိုင်နှုန်း ပိုမို ဝင်ရောက်ခဲ့သည်။

လေကြောင်းလိုင်းမှ နိုင်ငံခြားသားဧည့်သည်ဝင်ရောက်မှုမှာ ၂၀၁၂ ခုနှစ်တွင် ၉၁၉၄၈ ဦး ဖြစ်ပြီး ၂၀၁၃ ခုနှစ်တွင် ၁၇၅၁၉၅ ဦး ဖြစ်ခြင်းကြောင့် ၉၀ ရာခိုင်နှုန်း တက်လာခဲ့သည်။ ဝင်ရောက်သည့် နိုင်ငံများတွင် တရုတ်နိုင်ငံမှ ပိုမို ဝင်ရောက်ခဲ့ပြီး ၂၅ ဒသမ ၂၈ ရာခိုင်နှုန်း၊ ပြင်သစ်နိုင်ငံမှ ၈ ဒသမ ၄၄ ရာခိုင်နှုန်း၊ ဂျာမနီနိုင်ငံမှ ၆ ဒသမ ၆၉ရာခိုင်နှုန်း၊ထိုင်းနိုင်ငံမှ ၆ ဒသမ ၆၅ရာခိုင်နှုန်းနှင့် အမေရိကန်နိုင်ငံမှ ၅ ဒသမ ၇၂ ရာခိုင်နှုန်း ဝင်ရောက်ခဲ့ကြောင်း သိရသည်။

အောင်ရဲသွင်

ပြည်သူ့လုံခြုံရေးအတွက် မြို့တွင်းနေရာ ၅၀ ၌ ရဲတပ်ရင်းများချထားမည်

ရန်ကုန်၊ မတ် ၉

ရန်ကုန်မြို့တွင်းရှိ နေရာပေါင်း ၅၀ တွင် ပြည်သူများ၏ လုံခြုံရေးကို ပိုမိုဆောင်ရွက်နိုင်ရန်အတွက် ရဲတပ်ရင်းများမှ နေ့စဉ် လှည့်ကင်း၊ ရပ်ကင်း၊ ပတ်ကင်းများဖြင့် မတ် ၇ ရက်မှစ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ အမှတ် (၂) မော်တော်ယာဉ်ထိန်းတပ်ဖွဲ့ခွဲရုံးမှ ဒုတိယရဲမှူးကြီးလင်းထွဋ်က မတ် ၇ ရက်တွင် မီဒီယာများနှင့် တွေ့ဆုံစဉ် ပြောသည်။

"လက်ရှိဖြစ်ပေါ်နေတဲ့ အမှုအခင်းတွေ ကြိုတင်ကာကွယ်နိုင်အောင်နဲ့ အချိန်နဲ့တစ်ပြေးညီအရေးယူနိုင်ဖို့ ရဲတပ်ဖွဲ့က ဆောင်ရွက်တာပါ၊ ရဲတပ်ရင်းတွေအနေနဲ့ မီးပွိုင့်တွေနားမှာလည်း အသင့်ရှိနေမှာပါ။ ကျွန်တော်တို့အနေနဲ့ အကူအညီလိုအပ်တဲ့ အခါကျရင် လှမ်းပြီးအကြောင်းကြားလို့ရမှာဖြစ်တယ်။ အဲဒီလိုဆောင်ရွက်ခြင်းဖြင့် အမှုအခင်းဖြစ်ပေါ်မှုတွေလည်း လျော့ကျသွားမှာဖြစ်တယ်" ဟု ၎င်းက ပြောသည်။

အဆိုပါ ရဲတပ်ရင်းများမှ တပ်ဖွဲ့ဝင်များအနေဖြင့် မြို့တွင်းရှိ လူစည်ကားသော လမ်းဆုံ၊ လမ်းခွ၊ မီးပွိုင့်နေရာတွင် တစ်ဖွဲ့လျှင် ငါးဦးမှ ခြောက်ဦးအထိ ရပ်ကင်းလုံခြုံရေးဆောင်ရွက်သွားမည်ဖြစ်သည်။ ကျန်ရှိသည့်ရဲတပ်ဖွဲ့ဝင်များသည် နေရာပေါင်း ၄၀ တွင် လှည့်ကင်း၊ ပတ်ကင်းများအဖြစ် ပြည်သူ့ဘဝလုံခြုံရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောသည်။

လက်ရှိအချိန်တွင် ယာဉ်ထိန်းရဲတပ်ဖွဲ့များ၊ နယ်မြေခံရဲများနှင့်စည်ပင်သာယာရဲများပူးပေါင်း၍ သတ်မှတ်ထားသည့်နေရာများတွင် ညစဉ်ပိတ်ဆို့စစ်ဆေးလျက်ရှိကြောင်းသိရသည်။

ယင်းသို့ ဆောင်ရွက်ခြင်းသည် ရဲတပ်ဖွဲ့ဝင်များက ပြည်သူအားလုံး ပူးပေါင်းပါဝင်သည့် ရဲလုပ်ငန်းစဉ်တစ်ရပ်အဖြစ် အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များနှင့် ယာဉ်ထိန်းရဲများ ပူပေါင်းဆောင်ရွက်ခြင်းဖြင့် တုတ်၊ ဓား လက်နက်ကိုင်ဆောင်တိုက်ခိုက်ခြင်းများရှိလာပါက ရဲတပ်ရင်းမှ အချိန်မီအရေးယူဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း အဆိုပါတွေ့ဆုံပွဲမှ သိရသည်။

တင်မောင်ဦး

သတင်းတို

နွားထိုးကြီးတွင် မြေပဲအထွက်နှုန်းများကာဈေးကျနေ

နွားထိုးကြီးမြို့နယ်ထွက် မြေပဲမှာအထွက်များပြီး ဈေးကျနေသည့်အတွက် ပဲစဉ်းငုံနည်းတူ မြေပဲဈေးတက်ဈေး မျှော်နေရကြောင်း နွားထိုးကြီး မြေပဲတောင်သူများက ပြောကြားသည်။ ထန်းဇင်ရွာနေ မြေပဲစိုက်တောင်သူ ဦးကျော်ဦးက မြေပဲတက်ဈေးမျှော်နေ၍ ထွက်သမျှမြေပဲ မရောင်းသေးဘဲ ထားနေရာကြောင်းလည်းပြောသည်။ထို့ပြင် မြေပဲဆံဈေးနှုန်းမှာ ကျပ် ၁၀၀၀ အောက်ရှိနေပြီး မြေပဲတောင်သူများမှာလည်း အရှုံးနဲ့ရင်ဆိုင်နေရကြောင်း ဦးကျော်ဦးက ဆက်လက်ပြောသည်။ နွားထိုးကြီးနယ်တွင် ပင်ထောင်မြေပဲ ရော၊ပင်ပြန့်မြေပဲနှစ်မျိုးစလုံး ဧကတိုးချဲ့မှုရှိနေ၍ မြေပဲစိုက်ကျေးရွာအများ အပြားတိုးလာပြီဖြစ်ရာ ယခုအခါ စိုက်ဧက ၂၅၇၀၀ ထိရှိနေပြီ ဖြစ်ကြောင်း သိရသည်။

ခင်ဇာမွန်မြင့်(ဥပဒေ)

မီဒီယာလုပ်ငန်း (အမြန်အလိုရှိသည်)

NEW LIGHT Ph: 09 73161620, 09 420010012

မြေကွက်ဝယ်လိုသည်

အခွန်မဆောင်သော ကုမ္ပဏီများသို့ နှိုးဆော်ချက်

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွက် အခွန်များကို ယခု ၂၀၁၃-၂၀၁၄ တွင် စည်းကြပ်နေပြီဖြစ်ရာ အချို့ကုမ္ပဏီများအနေဖြင့် အခွန်မပေးဆောင်ခြင်း မရှိသေးကြောင်း တွေ့ရှိရပါသည်။

ထိုအခွန်ပေးဆောင်ခြင်းမရှိသေးသော ကုမ္ပဏီများအမည်ကို Website www, irdmyanmar.gov.mm တွင် တင်ထားပြီးဖြစ်၍ ၎င်းကုမ္ပဏီများ အနေဖြင့် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးသို့ ၂၀၁၄ခုနှစ် မတ်လ ၂၀ ရက် နောက်ဆုံးထားပြီး လာရောက်ဆက်သွယ်ပါရန် နှိုးဆော်ပါသည်။

ကုမ္ပဏီများဆိုင်ရာအခွန်ရုံး

English Speaking
50% off
U Win Maw(Research)
Speaking&Gra
Speaking
Grammar

NT Car Rental 09 73139320 01 661668

အမြန်ငှားမည်

ချင်းပြည်နယ် ဖွံ့ဖြိုးရေး ကျပ်သန်းပေါင်း များစွာ သုံးစွဲ

ကလေး၊ မတ် ၉

ချင်းပြည်နယ်သည် မြန်မာနိုင်ငံတွင် အဆင်းရဲဆုံး ပြည်နယ်အဖြစ် သတ်မှတ်ခံထားရသော ပြည်နယ်ဖြစ်ပြီး စီးပွားရေး ဖွံ့ဖြိုးမှုရရှိရန်အတွက် နိုင်ငံတော်အနေဖြင့် ကဏ္ဍအလိုက် ကျပ်သန်းပေါင်း အဆများစွာကို အသုံးပြုလာခဲ့ကြောင်း ချင်းပြည်နယ်ဝန်ကြီးချုပ်ဦးဟုန်းငိုင်းက ပြောကြားသည်။

ချင်းပြည်နယ်တွင် အရေးကြီးသည့် ကဏ္ဍများဖြစ်သော စိုက်ပျိုးရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ရေရရှိရေးနှင့် မီးရရှိရေးကဏ္ဍများကို လည်းသာမာန်နှစ်ထက် ငွေကြေးပိုမိုသုံးစွဲပြီး INGO များ NGO များမှ ပညာရေးကဏ္ဍ ကျန်းမာရေးကဏ္ဍ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ဈေးငွေ့ကဏ္ဍများကိုလည်း ပိုမိုကူညီထောက်ပံ့ခဲ့ပါကြောင်း ဖေဖော်ဝါရီ ၂၀ ရက်က ကျင်းပသော ချင်းအမျိုးသားနေ့ အခမ်းအနားတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

ပုဂ္ဂလိကပြည်တွင်းကုမ္ပဏီများမှ တင်ဒါယူကာအဆင့်မြှင့်တင် . . .

ချင်းပြည်နယ်သည် ကုန်းလမ်းတစ်ခုတည်းကိုသာ အားထားနေရခြင်းဖြစ်ပြီး ယခုနောက်ပိုင်း ကာလများတွင် ချင်းပြည်နယ်အတွင်းရှိ လမ်းများကို ပုဂ္ဂလိက ပြည်တွင်းကုမ္ပဏီများမှ တင်ဒါခေါ်ယူကာ အဆင့်မြှင့်တင်မှုများကို အဓိကထား လုပ်ဆောင်နေကြောင်း ချင်းပြည်နယ်အစိုးရရုံးမှ သိရသည်။

အဆိုပါ ချင်းပြည်နယ်အတွင်းရှိ လမ်းများကို JICA ၏အကူအညီဖြင့် အဆင့်မြှင့်တင်လျက် ရှိကာ ချင်းတောင်ပေါ်ရှိလမ်းများသည် သက်နုမြေသားများဖြစ်ခြင်းကြောင့် မကြာခဏ ပြိုကျတတ်ပြီး၊ အထူးသဖြင့် မိုးတွင်းကာလများတွင် မြေပြိုမှုများဖြစ်ပွားတတ်၍ မိုးတွင်းကာလတွင် အဆင်ပြေစေရန် ပွင့်လင်းရာသီတွင် လမ်း၊ တံတားများအား မနားမနေ အဆင့်မြှင့်တင်မှုများ ပြုလုပ်ပေးနေကြောင်း ချင်းပြည်နယ်အစိုးရရုံးမှ တာဝန်ရှိသူတစ်ဦးက ဆက်လက်ပြောကြားသည်။

ချင်းပြည်နယ်အတွင်းရှိ လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ၂၀၁၁-၁၂ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုနှင့် ပြည်နယ်မှ စီမံခန့်ခွဲသည့်လမ်း ၂၇ လမ်းရှိပြီး ကတ္တရာလမ်း ၃၀၇ မိုင်၊ ကျောက်လမ်း ၂၈၈ မိုင် ၂ ဖာလုံ၊ မြေသားလမ်း ၄၈၁ မိုင် ၇ဖာလုံ၊ သာမာန်လမ်း ၄၃ မိုင် ၇ ဖာလုံ စုစုပေါင်း ၂၁၇၁ မိုင်ကို အဆင့်မြှင့်တင်နိုင်ခဲ့ပြီး ၂၀၁၂-၁၃ ဘဏ္ဍာနှစ်တွင်မူ ပြည်ထောင်စုနှင့် ပြည်နယ်မှ စီမံခန့်ခွဲသည့်လမ်း ၂၈ လမ်းရှိပြီး ကတ္တရာလမ်း ၃၁၁ မိုင်၊ ကျောက်လမ်း ၂၈၈ မိုင်၊ မြေသားလမ်း ၄၉၁ မိုင်၊ သာမန်လမ်း ၁၄၃ မိုင်ရှိခဲ့ပြီး စုစုပေါင်း ၁၂၃၄ မိုင်အား အဆင့်မြှင့်တင် ပေးနိုင်ခဲ့ခြင်းကြောင့် ပြည်သူများ ယခင်ကထက် လမ်းပန်း ဆက်သွယ်ရေး ပိုမိုအဆင်ပြေလာကြောင်း သိရသည်။

လင်းလက်ကြယ်စင်

မော်လမြိုင်ကျွန်းမြို့နယ် လှိုင်းဘုန်းကျေးရွာ ဆိပ်ခံတံတား ၇၀ ရာခိုင်နှုန်းပြီးစီး

မော်လမြိုင်ကျွန်း၊ မတ် ၉

ဆောက်လုပ်ဆဲ မော်လမြိုင်ကျွန်းမြို့နယ် လှိုင်းဘုန်းကျေးရွာ ဆိပ်ခံတံတားမှာ ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေမှ ကျပ်သိန်း ၄၀ နှင့် လှိုင်းဘုန်းဒေသခံပြည်သူများပူးပေါင်းလှူဒါန်းငွေ ကျပ်သိန်း ၄၀ စုစုပေါင်း ကျပ်သိန်း ၈၀ ဖြင့် ဆောက်လုပ်လျက်ရှိ ရာ မတ် ၂ ရက်အထိ ၇၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးကာ ဆိပ်ခံရေဆင်းတံတား အရှည်မှာ ၃၇ ပေခွဲရှိပြီး တံတားအကျယ်မှာ ၇ ပေ ရှိသည်။

အဆိုပါလှိုင်းဘုန်းဆိပ်ခံ ရေဆင်းတံတား တည်ဆောက်ပြီးစီးသွားပါက လှိုင်းဘုန်းကျေးရွာအပါအဝင် ပင်လယ်ပိုင်းနှင့်ထိစပ်နေသော ကျေးရွာ ၁၂ ရွာမှ ဒေသခံပြည်သူများ၏ သွားလာဆက်သွယ်ရေးနှင့် လှေ၊ သမ္ဗန်၊ ရေယာဉ်များ၊ လိုင်းရေယာဉ်များ ဆိပ်ခံရေဆင်းတံတားသို့ ဆိုက်ကပ်ရာတွင် အဆင်ပြေလွယ်ကူတော့မည်ဖြစ်ကြောင်း သိရသည်။

"ဒီဆိပ်ခံတံတားပြီးရင်တော့ ဒေသခံတွေ သွားရေးလာရေးလွယ်ကူပြီး ကုန်စည်စီးဆင်းမှုလည်း ပိုပြီးမြန်ဆန်လာမှာပါ" ဟု ဒေသခံတစ်ဦးက ပြောသည်။

ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော မော်လမြိုင်ကျွန်းမြို့နယ် လှိုင်းဘုန်းကျေးရွာ ဆိပ်ခံရေဆင်းတံတားအား တံတားတည်ဆောက်ရေးအဖွဲ့ခေါင်းဆောင် ဦးခင်မောင်ဇင်၊ အဖွဲ့ဝင် ဦးဌေးဝင်းနှင့် ဦးထွန်းထွန်းဦးတို့ပါဝင်သောအဖွဲ့သည် မတ် ၂ ရက် နံနက် ၁၀ နာရီက ဆိပ်ခံရေဆင်းတံတားတည်ဆောက်ပြီးစီးမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

မောင်(မော်ကျွန်း)

သတင်းတိုများ

စော်ကဲချောင်းကျေးရွာမြေသားလမ်းဖောက်လုပ်

မော်လမြိုင်ကျွန်းမြို့နယ် တယ်ချောင်းကျေးရွာအုပ်စု စော်ကဲချောင်းကျေးရွာမှ မော်ကျွန်း-ဝါးခယ်မ အဝေးပြေး မော်တော်ကားလမ်းသို့ ဆက်သွယ်သော စော်ကဲချောင်းမြေသားလမ်းဖွင့်ပွဲကို မတ် ၆ ရက် နံနက် ၈ နာရီက စော်ကဲချောင်းကျေးရွာ မြေသားလမ်း တာထိပ်၌ ကျင်းပခဲ့သည်။ အဆိုပါ စော်ကဲချောင်းမြေသားလမ်းမှာ လမ်းအရှည် ၁၃၀၀ ပေ ၊ လမ်းအကျယ် ၁၅ ပေ နှင့် လမ်းအမြင့် ၄ ပေရှိပြီး ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေမှ ကျပ် ၂၈ သိန်းဖြင့် ဆောင်ရွက်ခဲ့သော မြေသားလမ်းဖြစ်ကြောင်း သိရသည်။ ဖွင့်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်လှိုင်၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှစိုးနှင့် ကျေးရွာမြေသားလမ်း ဖြစ်မြောက်ရေးကော်မတီဝင် ဦးဆန်းတင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

သန်းခေါင်စာရင်းကောက်ယူရေးသင်တန်းဖွင့်

၂၀၁၄ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး ခရိုင်အဆင့် စာရင်းစစ်၊စာရင်းကောက် နည်းပြသင်တန်းဖွင့်ပွဲကို မတ် ၆ ရက်က မိုင်းဆတ်မြို့၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သီရိရတနာခန်းမဆောင်၌ ကျင်းပခဲ့ပြီး မတ် ၁၁ရက်ထိ သင်တန်းဖွင့်လှစ်မည်ဖြစ်ကာ ဆရာ၊ ဆရာမ ၂၇ဦး တက်ရောက်ခဲ့ရာယင်းသင်တန်းဆင်းဆရာ၊ဆရာမများသည် ခြောက်ရက်ကြာ ဖွင့်လှစ်မည့် မြို့နယ် အဆင့်သင်တန်းများတွင် ပြန်လည်ပို့ချပေးရမည်ဖြစ်ကြောင်းသိရသည်။ **ခရိုင်ပြန်/ဆက်**

ချင်းတိုင်းရင်းသားတို့၏ ရိုးရာအကတစ်မျိုးဖြစ်သည့် ဝါးညှပ်အက

ကလေး၊ မတ် ၉

ချင်းတိုင်းရင်းသား ရိုးရာအကများထဲတွင် ဝါးညှပ်အကသည် လူသိများ၍ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားများသာမကဘဲ နိုင်ငံအတွင်းသို့ အလည်အပတ် ဝင်ရောက်လာကြသော ပြည်ပ နိုင်ငံသားများပါ စိတ်ဝင်တစားလေ့လာကြသော အကတစ်ခုဖြစ်ကြောင်း သိရသည်။

ဝါးညှပ်အကနှင့် တွဲဖက်၍ ဘဝတပါးသို့ ပြောင်းသွားကြသော သူများအတွက် ရည်ရွယ်ပြုလုပ်သော ငါးဖမ်းပွဲနှင့် တွဲဖက်ကာ အပျို လူပျိုများ ပျော်ရွှင်စရာပွဲအဖြစ် ပြုလုပ်သည့် ပွဲဖြစ်ကြောင်း၊ ဝါးညှပ်ကပွဲမှာ ကျန်ရစ်သူမိသားစုဝင်များအတွက် အမှတ်တရဖြစ်စေရန်နှင့် အလွမ်းပြေ ပြုလုပ်ပေးသော ပွဲဖြစ်ကြောင်း သိရသည် ။

ဝါးညှပ်ကပွဲ ပြီးသော နောက်ဆုံးနေ့တွင် တစ်ရွာလုံးရှိ ဆွေမျိုး မိဘအသိုင်းအဝိုင်းအပေါင်းတို့သည် နီးရာမြစ်ချောင်းများသို့သွားကာ ပျော်ရွှင်စရာ ရေကစားကြပြီး ထိုနေ့တွင်

ချင်းတိုင်းရင်းသား တိုင်းရင်းသူများ ချင်းရိုးရာ ဝါးညှပ်အကဖြင့် ကပြနေစဉ်။

ရေမိုးချိုး ကိုယ်လက်သန့်စင်မှုများ ပြုလုပ်သဖြင့် ဝါးညှပ်ကပွဲ ကျင်းပနေစဉ်အတွင်း အညစ်အကြေးများ အားလုံး သန့်စင်သွားသလို ကွယ်လွန်သူတို့၏ ဝိညာဉ်များသည်လည်း ကောင်းရာသို့ စိတ်အေးချမ်းသာစွာ သွားကြကြောင်း ယုံကြည်ကြသည်ဟု ချင်းမဂ္ဂဇင်းကော်မတီအမှတ်စဉ် ၈ တွင် ဖော်ပြထားသည်။

ချင်းရိုးရာပွဲတော်များအနက် ငွေကြေး အကုန်အကျခံပြီး ခမ်းခမ်းနားနားကျင်းပသော ပွဲလမ်းသဘင်များမှာ လောင်သုခ်ပွဲ၊ ခွန်ကွဲပွဲ၊ ဘွေသေဘွေပွဲ၊ သီးနှံအောင်ပွဲ၊ ရန်သူအောင်ပွဲ၊ ငါးဖမ်းပွဲနှင့် ဝါးညှပ်ကပွဲများမှာ ထင်ရှားသည့် ပွဲများဖြစ်ကြောင်း သိရသည်။

လင်းလက်ကြယ်စင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်
အမှတ်(၄၂/၄၂၈)ကမ်းနားလမ်းနှင့်ဗိုလ်တထောင်ဘုရားလမ်းထောင့်၊
ဗိုလ်တထောင်မြို့နယ်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

[illegible]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
A.G.T.I မှ B.Tech နှင့် B.Tech မှ B.E ပေါင်းကူးတန်းတွင်
တက်ရောက်ခွင့်ရရှိသူများ၏ စာမေးပွဲကျင်းပမည့် အစီအစဉ်ကြေငြာခြင်း

[illegible]

စဉ်	ဖြေဆိုရမည့် ဘာသာရပ်	နေ့ရက်	အချိန်
၁။	[illegible]	[illegible]	[illegible]
၂။	[illegible]	[illegible]	[illegible]

[illegible]

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

တီကျစ်ကျောက်မီးသွေးသုံးရေနွေးငွေ့ဘွိုင်လာတတ်အားပေးစက်ရုံ
နှစ်ရှည်ငှားရမ်းဆောင်ရွက်ရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

[illegible]

ဥရောပသမဂ္ဂ(အီးယူ)မှ ဒုတိယအကြိမ်ပြည်သူ့ ဗဟိုပြုရဲလုပ်ငန်းစနစ်သင်တန်းကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား သုံးပတ်တာ ပို့ချမည်

ရန်ကုန်၊ မတ် ၉

ဥရောပသမဂ္ဂ(အီးယူ)မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ပြည်သူအခြေပြု ရဲလုပ်ငန်းစနစ်ကို ဒုတိယအကြိမ်အဖြစ် မတ် ၁၀ ရက်မှ ဧပြီ ၄ ရက်ထိ စမ်းချောင်းမြို့နယ်တွင် ပို့ချသွားမည်ဖြစ်ကြောင်း မတ် ၈ ရက်တွင် ကျင်းပသော ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းပညာပေးဟောပြောပွဲတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ အတွင်းရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်က ပြောသည်။

> အခက်အခဲတွေကို ဥပဒေဘောင်ထဲက နေ. . .

“ဒီသင်တန်းမှာပို့ချလိုက်တဲ့ စာတွေ့လက်တွေ့ သင်ခန်းစာတွေက ဒေသအတွင်း နယ်မြေအသီးသီးမှာ နေထိုင်ကြတဲ့ ပြည်သူတွေကို ဗဟိုပြုပြီး ကဏ္ဍအစုံစုံကနေ နည်းလမ်းမျိုးစုံနဲ့ ဖြေရှင်းမှုတွေဆောင်ရွက်ပေးနိုင်တဲ့အပြင် ရဲတပ်ဖွဲ့ဝင်တွေကလည်း ပြည်သူနဲ့ တစ်သားတည်းပြုမူ ကျင့်ကြံနေထိုင်သွားရင်း ပြည်သူတွေရဲ့ အခက်အခဲတွေကို ဥပဒေဘောင်ထဲကနေ ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်” ဟု ပြောသည်။

ပြည်သူအပိုင်းမှာလည်း ရဲလုပ်ငန်းနှင့် မှုခင်းကျဆင်းရေးကဏ္ဍများတွင် ယုံကြည်စွာ ပူးပေါင်းရန်လိုအပ်ကြောင်း၊ ဌာနဆိုင်ရာများမှလည်း ဌာနအလိုက် သက်ဆိုင်ရာအပိုင်းများတွင် ပံ့ပိုးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ အီးယူက ပို့ချသော ရဲပညာရပ်များ၊ ပြည်သူ့ဗဟိုပြုစနစ်များ တစ်နိုင်ငံလုံးတွင်ထွန်းကားပြီး အောင်မြင်မှုရရှိလာမည် ဖြစ်ကြောင်း ၎င်းက ပြောသည်။

ပထမအကြိမ် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ်ကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်မှ ဖေဖော်ဝါရီ ၇ ရက်ထိ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ရဲတပ်ဖွဲ့ဝင် ၁၈ ဦးနှင့် လေးပတ်ကြာ စာတွေ့လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစနစ်ကို ၁၉၉၅ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်မှစ၍ စစ်ကိုင်းတိုင်းဒေသကြီးတွင် အကောင်အထည်ဖော်ကျင့်သုံးခဲ့ဖူးကြောင်းသိရသည်။ **ရဲမြတ်ဘုန်းခေါင်**

ပင်းယမြို့ဟောင်းတွင် ဇုန်နယ်နိမိတ်ကျောက်တိုင်များစိုက်ထူရန် ပြင်ဆင်နေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ - အောင်ရဲသွင်

ပင်းယတွင် ဇုန်နယ်နမိတ်ကျောက်တိုင်များစိုက်ထူ

ပင်းယ၊ မတ် ၉

ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သော နယ်နိမိတ်တစ်လျှောက် ကျောက်တိုင်စိုက်ထူခြင်းလုပ်ငန်းစဉ်ဆောင်ရွက်ရာတွင် ရှေးမြို့ဟောင်းဖြစ်သည့် ပင်းယမြို့ဟောင်းတွင် ဇုန်နယ်နိမိတ် ကျောက်တိုင်စိုက်ထူခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ သိရသည်။

အဆိုပါ ကျောက်တိုင်စိုက်ထူခြင်းလုပ်ငန်းကို ပင်းယမြို့ဟောင်းတွင် ဖေဖော်ဝါရီ ၁၉ ရက်က စတင်စိုက်ထူခဲ့ပြီး မတ် ၂၀ ရက်တွင် အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြို့တွင်းဟောင်းတွင် ဇုန်နယ်နိမိတ်ကျောက်တိုင်ပေါင်း ၂၂၆ တိုင်စိုက်ထူသွားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)မှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထို့အပြင် ဇုန်စည်းကမ်းချက်များနှင့် ဇုန်နယ်နိမိတ်ပြမြေပုံများကိုလည်း ဗီနိုင်းကြော်ငြာ ခုနစ်ချပ်ဖြင့် အများမြင်သာသောနေရာများတွင် စိုက်ထူပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ပင်းယမြို့ဟောင်းသည် ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်အတွင်းပါဝင်ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း ဇုန်နယ်နိမိတ် သတ်မှတ်ပြဌာန်းပြီးသော ယဉ်ကျေးမှုအမွေအနှစ်ဒေသနှင့် အဆောက်အအုံတည်ရှိရာ ဇုန်ရှစ်ဇုန်အနက် အမိန့်ကြော်ငြာစာ အမှတ် ၁၀/၀၈ ဖြင့် သတ်မှတ်ထားခဲ့ပြီး တူးဖော်ပြီးစီးခဲ့သည့် ရှေးမြို့ဟောင်းရှစ်မြို့တွင်လည်းပါဝင်ကြောင်း သိရသည်။

အောင်ရဲသွင်

အိန္ဒိယ–မြန်မာ နယ်စပ်ကုန်သွယ်ရေးမှ လာမည့် ၂၀၁၅ ခုနှစ်တွင် ကုန်သွယ်မှုပမာဏ ဘီလျံ ၅၀ ခန့် ရရှိနိုင်ရန် လျာထား

ကလေး၊ မတ် ၉

မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်မှုသည် လွတ်လပ်ရေးရပြီး နောက်ပိုင်း ကုန်သွယ်မှုပမာဏ ဘီလျံ ၂၀ ကျော်အထိ ရောက်ရှိလာပြီး လာမည့် ၂၀၁၅ ခုနှစ်တွင်လည်း ဘီလျံ ၅၀ ခန့်ရရှိနိုင်ရန် လျာထားကြောင်း သိရသည်။

“လုပ်ငန်းအမျိုးအစားနဲ့ ထုတ်လုပ်တဲ့ ပစ္စည်းအမျိုးအစားမတူလို့ အခြားနယ်စပ် စခန်းတွေလိုဖွံ့ဖြိုးတိုးတက်ဖို့ မလွယ်ကူပါဘူး။ အခုလက်ရှိ ကုန်သွယ်နေတဲ့ မဏိပူရ်ပြည်နယ်တင်မကဘဲ အိန္ဒိယဘက်ထဲက အင်ဖာမြို့ထိ တိုက်ရိုက်ကုန်သွယ်မှုပြုနိုင်မယ်ဆိုရင်တော့ ဒီထက်မက ကုန်သွယ်ပမာဏတိုးလာနိုင်တယ်” ဟု တမူးမြို့မှ ဒေသခံကုန်သည်တစ်ဦးက သုံးသပ်ပြောကြားသည်။

မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်မှုအဖြစ် စစ်ကိုင်းတိုင်းဒေသကြီးတမူးမြို့နှင့် ချင်းပြည်နယ်ရိဒ်ခေါဒါရ်မြို့တို့တွင် ဖွင့်ထားပြီး ထန်တလန်မြို့တွင်လည်း ဖွင့်နိုင်ရန်ဆောင်ရွက်နေကြောင်း၊ တမူးနယ်စပ်စခန်းမှ ပို့ကုန်အဖြစ် ကွမ်းသီးနှင့် ချင်း(အစို၊ အခြောက်)၊နန်းဖာလုံ အမယ်စုံနှင့် စီးကရက်တို့ အပါအဝင်ပစ္စည်းကုန် ၁၅၂ မျိုးကုန်သွယ်မှု ပြုနေကြောင်း သိရသည်။

ရိဒ်နယ်စပ်စခန်းမှ မူဆယ်ကုန်စည်ဟုခေါ်ဆိုကြသောအသုံးအဆောင်၊စားသောက်ကုန်စသည့် တရုတ် ပြည်မှလာသော ကုန်စည်များကို အများဆုံး တင်ပို့ကြောင်း နယ်စပ်ကုန်သွယ်ရေးစခန်းများမှ စာရင်းများအရ သိရသည်။ **လင်းလက်ကြယ်စင်**

သတင်းတို

တရားပွဲတွင် တရားနာရင်း အမျိုးသမီးတစ်ဦးသေဆုံး

တရားပွဲတွင် တရားနာသူ အသက် ၇၀ အရွယ် အမျိုးသမီးတစ်ဦး သေဆုံးခဲ့မှု ကျောက်တန်းမြို့နယ်တွင် ဖြစ်ပွားခဲ့သည်။ ကျောက်တန်းမြို့မရဲစခန်းမှ ဒုရဲအုပ်ဝင်းမြင့်ထွန်းနှင့်အဖွဲ့သည် မတ် ၆ ရက် ည ၉ နာရီခန့်က ကျောက်တန်းမြို့နယ် ဆေးရုံတွင် လူတစ်ဦးသေဆုံးနေကြောင်း သတင်းအရသွားရောက်စစ်ဆေးခဲ့သည်။ သေဆုံးသူမှာ ဒေါ်သိန်းရွှေဖြစ်ပြီး ည ၈ နာရီက ကျောက်တန်းရေလယ်ဘုရားပွဲတော်ရှိ တရားပွဲတွင် တရားနာနေစဉ် လူကြီးရောဂါဖြင့် မူးမေ့လဲကျသွားသဖြင့် သက်ဆိုင်ရာသို့ အကြောင်းကြားခဲ့ရာ ကျောက်တန်းမြို့မရဲစခန်းက သေမှုသေခင်း အမှတ်စဉ် ၈/၁၄ ဖြင့် အမှုဖွင့် ဆောင်ရွက်ထားကြောင်းသိရသည်။

(၃၁)

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ပြည်လျှောက်ထားနိုင်ရန် လျှောက်လွှာခေါ်ယူခြင်း

သင့်ကြောင့် မီးမလောင်ပါစေနှင့်

ဦးကျော်ဇေယျ
အိမ်ခြံမြေပွဲခအတွက်စာချုပ်ချုပ်နည်းနှင့် နမူနာပုံစံများ
ထွက်ပါပြီ ထွက်ပါပြီ
စာအုပ်ဆိုင်တိုင်းမှာမေးဝယ်ပါ။ ဖုန်း ၀၉၇၃၀၄၅၈၃၅

နယ်လိုင်စင်ဖြင့် ပြေးဆွဲနေသော တက္ကစီယာဉ်များအား အရေးယူမည်

ရန်ကုန်၊ မတ် ၉

ရန်ကုန်မြို့တွင်း၌ အခြားသော နယ်လိုင်စင်များဖြင့် အခြေချလုပ်ကိုင်စားသောက်နေသော တက္ကစီယာဉ်များကို ဥပဒေနှင့်အညီ ကာလတစ်ခု သတ်မှတ်၍ ဖမ်းဆီးအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မတ် ၇ ရက်က အမှတ် (၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲရုံးတွင် ပြုလုပ်သည့် မီဒီယာများနှင့် တွေ့ဆုံပွဲတွင် ဒုတိယရဲမှူးကြီးလင်းထွန်းက ပြောသည်။

"နယ်လိုင်စင်တွေနဲ့ ရန်ကုန်မြို့ထဲမှာ လာပြီး အခြေချလုပ်ကိုင်စားတယ်။ အခွန်က သက်ဆိုင်ရာနယ်တွေကရပြီး ရန်ကုန်မှာလမ်းတွေကပျက်တယ်၊ ကားကြပ်တာတွေဖြစ် နေကြတယ်၊ လမ်း လျှောက်သူတွေအတွက်လည်း အခက်အခဲတွေဖြစ်တယ် " ဟု ၎င်းက ပြောသည်။

ယခုလို အရေးယူဆောင်ရွက်ရာတွင် နယ်ဒေသများမှ အကြောင်းအမျိုးမျိုးဖြင့် ခေတ္တလာရောက်သည့် ယာဉ်များ မပါဝင်ဘဲ ရန်ကုန်မြို့တွင် အခြေချလုပ်ကိုင်စားသောက်သော ယာဉ်များကိုသာ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။ အစိုးရမှ ဒေသအသီးသီးရှိ ပြည်သူများ အငှားယာဉ်စီးနင်းနိုင်ရန် အခွန်လျှော့ပေါ့တင်သွင်းခွင့်ပြုခဲ့ပြီး ရန်ကုန်မြို့ရှိ မော်တော်ကားတင်သွင်းသည့် ကုမ္ပဏီများက နယ်မြို့သို့ဆင်းဝယ်ရာမှ ယခုလိုဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲရုံးမှ ရဲအုပ်တစ်ဦးက ပြောသည်။

"လက်ရှိအချိန်မှာတော့ သူတို့ကို ထွက်ဖို့ကာလတစ်ခုအထိ ပထမအဆင့်အနေနဲ့ သတိပေးမယ်။ နောက်ပိုင်းကျရင် ဥပဒေနဲ့အညီ အရေးယူသွားမယ်။ ဒါကို အခုမှလုပ်တာမဟုတ်ဘူး။ ယာဉ်စည်းကမ်း လမ်းစည်းကမ်းတွေကို အရင်က တည်းက သူတို့တွေသိပြီးသားပါ" ဟု ၎င်းက ပြောသည်။

အဆိုပါ နယ်လိုင်စင်များဖြင့် အခြေချလုပ်ကိုင်နေသော တက္ကစီယာဉ်များကို လုပ်ငန်းစည်း ကမ်းချိုးဖောက်ပါက ရန်ကုန်မြို့တော် စည်ပင်သာယာဥပဒေပုဒ်မများဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ရန်ကုန်မြို့တွင်း၌ နယ်လိုင်စင်များဖြင့် အခြေချလုပ်ကိုင်နေသည့်ယာဉ်အစီးရေ လေးသောင်းခန့်ရှိပြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဖေဖော်ဝါရီလအထိ (YGN) ရန်ကုန်လိုင်စင်ယာဉ် ၃၆၁၆၈၉ စီး ထုတ်ပေးခဲ့ကာ အဆိုပါနှုန်းထားသည် ယခင်ဇန်နဝါရီလထက် အစီးရေ ၉၇၀၄ စီး တိုးတက်လာကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့၏ စာရင်းများအရ သိရသည်။ **တင်မောင်ဦး**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် ခွင့်ပြုမိန့်ဖြင့် တစ်ကိုယ်တော်ဆန္ဒပြ

ပြင်ဦးလွင်၊ မတ် ၉

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် သက်ဆိုင်ရာဒေသပိုင် မြို့နယ်ရဲတပ်ဖွဲ့၏ ခွင့်ပြုမိန့်စည်းကမ်းချက်နှင့်အညီ ခွင့်ပြုထားသော နေရာများတွင် လူစည်ကားရာနေရာသုံးနေရာ၌ ဒေါက်တာဦးအောင်ဌေးဆိုသူက တစ်ကိုယ်တော် ဆန္ဒထုတ်ခဲ့ကြောင်းသိရသည်။

ဆန္ဒထုတ်ဖော်ရာတွင် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်နာယက၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အနာဂတ်အရေး လေးပွင့်ဆိုင်ဆွေးနွေးပေးရန်၊ မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ ဒေသအသီးသီးတွင် အကြောင်းအမျိုးမျိုးကြောင့် လယ်ယာမြေဆုံးရှုံးနေသော တောင်သူလယ်သမားများအား တရားရုံးများတွင်(ပုဒ်မ/ ၄၄၇-၄၂၇)တို့ဖြင့် တရားရင်ဆိုင်နေရသော တရားစွဲဆိုမှုများကို ပလပ်၊ ပယ်ဖျက်ပေးရန်နှင့် ၂၀၀၈ အခြေခံ ဥပဒေပြင်ဆင်ရာတွင် တောင်သူလယ်သမားများ၏ အနာဂတ်အကျိုးကို အပြည့်အဝရရှိစေနိုင်သော ဥပဒေများပြဋ္ဌာန်းပေးရန်စသည့် အချက်သုံးချက်တောင်းဆိုခဲ့ကြောင်းသိရသည်။ **ဇော်မင်းထွေး**

ပြည်ပမှ လာရောက်သောနိုင်ငံခြားသားဧည့်ဝင်ကြေး ကောက်ခံရာတွင် ကန် ဒေါ်လာ နှင့်သာ ပြန်လည်ကောက်ခံရန် ခရီးသွားကဏ္ဍ ပိုမိုလိုလားလျက်ရှိ

ရန်ကုန်၊ မတ် ၉

မြန်မာနိုင်ငံသို့ ပြည်ပမှ လာရောက်လည်ပတ်လေ့လာကြသော နိုင်ငံခြားခရီးသွားများနှင့် ပြည်တွင်းရှိ ဧည့်လမ်းညွှန်များအနေဖြင့် နိုင်ငံခြားသား ဧည့်ဝင်ကြေး ကောက်ခံရာတွင် မြန်မာကျပ်ငွေဖြင့် ကောက်ခံခြင်းထက် အမေရိကန်ဒေါ်လာဖြင့် ကောက်ခံခြင်းကိုသာ ပိုမိုလိုလားကြကြောင်း မြန်မာနိုင်ငံဧည့်လမ်းညွှန်အသင်းမှ သိရသည်။

"နိုင်ငံခြားသားတွေ အနေနဲ့ကတော့ ဒေါ်လာနဲ့ ကောက်ခံတာ ပိုသဘောကျပါတယ်။ မြန်မာငွေ သတ်မှတ်တာ ပြဿနာမရှိပေမယ့် သယ်ရတာ အန္တရာယ်ရှိတဲ့အတွက် အရင်လို ဒေါ်လာနဲ့ပဲ ပြန်ပြီး သတ်မှတ်စေချင်ပါတယ်။ ဧည့်လမ်းညွှန်တွေမှာလည်း ပြည်ပခရီးသည်တွေရဲ့ ငွေတွေကို သယ်ပြီး သွားနေရတဲ့အတွက် အခက်အခဲရှိပြီး ပျောက်မှာ စိုးရိမ်နေရပါတယ်" ဟု မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းချိုက ပြောသည်။

မြန်မာကျပ်ငွေဖြင့် ဧည့်ဝင်ကြေးကောက်ခံခြင်းသည် အလွတ်သဘောဖြင့် မြန်မာနိုင်ငံအနှံ့ လည်ပတ်နေကြသော ပြည်ပ ခရီးသွားဧည့်သည်များ (FIT) အတွက် ပြဿနာမရှိသော်လည်း အစုလိုက်၊ အဖွဲ့လိုက်ဖြင့် လာရောက်ကြသော ပြည်ပခရီးသည် (Pakage Tour) အတွက်မူ အခက်ခဲရှိပြီး ထိုဧည့်သည် ၂၀၊ ၃၀ ခန့်အားတာဝန်ယူရသည့် ဧည့်လမ်းညွှန်များအနေဖြင့် မြန်မာနိုင်ငံအနှံ့ သွားလာရာတွင် ဧည့်ဝင်ကြေးပေးဆောင်ရန် မြန်မာငွေများကို အိတ်ကြီးများနှင့် သယ်ယူနေရသောကြောင့် စိုးရိမ်မှုများရှိနေကြောင်းလည်း သိရသည်။

နိုင်ငံခြားသား ဧည့်ဝင်ကြေးကို ဒေါ်လာဖြင့် ကောက်ခံခြင်းကြောင့် ဒေါ်လာအဟောင်းအနွမ်း၊ အတုအစစ်များကို စိစစ်ခွဲခြား လက်ခံရာ၌ ကျွမ်းကျင်ရန် လိုအပ်ပြီး လက်ခံရရှိသော နိုင်ငံခြားငွေများကို မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ် (MFTB) သို့ ပေးသွင်းရာတွင် ဟောင်းနွမ်းသည့် ငွေစက္ကူအချို့ကို ဘဏ်မှလက်မခံဘဲ ငြင်းပယ်မှုကြောင့် ဧည့်လမ်းညွှန်များနှင့် နိုင်ငံခြားသားများ အငြင်းပွားမှုများ ပေါ်ပေါက်လာသဖြင့် ယခုနောက်ပိုင်း နိုင်ငံခြားဧည့်ဝင်ကြေးကို မြန်မာကျပ်ငွေဖြင့်သာ ကောက်ခံလာခဲ့ခြင်းဖြစ်သည်။

"တကယ်လို့ ဒေါ်လာနဲ့ အရင်ကလို ပြန်မသတ်မှတ်ချင်ရင်လည်း မြန်မာကျပ်ငွေနဲ့သုံးလို့ရမယ့် အကြွေးစနစ် (Credit Voucher System) ခွင့်ပြုပေးဖို့ စီစဉ်ပေးစေချင်ပါတယ်။ မတ်လ ၅ ရက်က ဒါကို စာထုတ်ခဲ့ပြီးပါပြီ။ ကျွန်တော်တို့ ဧည့်လမ်းညွှန်အသင်းအနေနဲ့ မြန်မာနိုင်ငံခရီးသွား လုပ်ငန်းရှင်များအသင်း၊ သက်ဆိုင်ရာဂေါပကအဖွဲ့တွေနဲ့ ယဉ်ကျေးမှု ဝန်ကြီးဌာနတွေကို စာပို့သွားမှာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းချိုက ပြောသည်။

လက်ရှိ နိုင်ငံခြားဧည့်ဝင်ကြေးအား မြန်မာနိုင်ငံရှိ ဒေသအများစုတွင် ကျပ်ငွေဖြင့် ကောက်ယူမှုများလာပြီး ရွှေတိဂုံစေတီတော်၊ ပုဂံပြတိုက်၊ စလေရုပ်စုံကျောင်းနှင့် ပဲခူးမြို့များတွင်ပါ ဒေါ်လာဖြင့် ကောက်ခံနေရာမှ မကြာမီ မြန်မာကျပ်ငွေဖြင့် ကောက်ခံရန် စီစဉ်နေပြီး လက်ရှိပုဂံဒေသတွင်သာ နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)ဖြင့် ကောက်ခံနေကြောင်း မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်း၏ တွေ့ရှိချက်များအရ သိရသည်။ **စိုးအောင်ဖေ**

စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါအမှတ်
(က)	Paint & Thinner		

ဖုန်း - ၀၁-၉၅၁၁၉၅၆၊ ၉၅၅၅၁၉၅

အသိပေးကြေညာချက်
M.V MONTREAL
ORIGINAL BILL OF LADING
ဖုန်း - ၂၃၀၁၁၉၁၊ ၂၃၀၁၁၉၇၊ ၂၃၀၁၁၉၇
မြန်မာ့အိမ်ထောင်ကုမ္ပဏီ

ရခိုင်ပြည်နယ်ဘုရားဖူး
(110000/-)Ph: 09 448003431

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
စက်ရုံနှင့်မော်တော်ယာဉ်ဌာန

ဒေါက်တာ ဆရာမြင့် (စကြာမင်း) ရဲ့
မြင့်မြန်မာ
အကြောပြေ ဝမ်းမှန်ဆေး
အပူအလုပ်ကင်းပြီး အကြောတက်ညောင်းညာကင်းဝေး
အသီးကျ၍ ကျန်းမာစေတဲ့ဆေး...၊ ဆေးတစ်မျိုးတည်းနဲ့
အကြောလည်းပြေ ဝမ်းလည်းမှန်တဲ့ မြင့်မြန်မာ အမှတ်တံဆိပ်
အကြောပြေဝမ်းမှန်ဆေး...
စကြာမင်းဆေးတိုက်နှင့်ဆေးကုဌာန

ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာ အကျိုးစီးပွားများ ဥပဒေကြမ်း

ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့်
လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ
နိုင်ငံတကာ အကျိုးစီးပွားများ ဥပဒေကြမ်း
(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ။)
၁၃၇၅ ခုနှစ်၊ လ ရက်
(၂၀၁၄ ခုနှစ်၊ လ ရက်)

နိဒါန်း

တန်ဖိုးကြီးမားသည့်ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများ၊ လေယာဉ်နှင့် လေယာဉ်ပစ္စည်း ကိရိယာများ၊ စီးပွားရေးအထောက်အကူပြု အခြား သယ်ယူပို့ဆောင်ရေးပစ္စည်းကိရိယာများကို တိကျရှင်းလင်းသည့် ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများနှင့်အညီ ရယူခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းနှင့် သုံးစွဲခြင်းတို့ ပြုနိုင်ရေးအတွက်လည်းကောင်း၊ အဆိုပါပစ္စည်း ကိရိယာများနှင့်စပ်လျဉ်း၍ ပြည်တွင်းပြည်ပ အပြန်အလှန် စီးပွားရေးအကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် အကျိုးစီးပွားများကို နိုင်ငံတကာက အသိအမှတ်ပြုပြီး အကာအကွယ်ပေးနိုင်ရေးအတွက်လည်းကောင်း၊ ထိုသို့အကာအကွယ်ပေးနိုင်ရန် နိုင်ငံတကာမှတ်ပုံတင်စနစ် တည်ထောင်၍ ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း နိုင်ငံတော်က သဘောတူလက်ခံခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် အဖွဲ့ဝင် ဖြစ်ခဲ့သည့် ၂၀၀၁ ခုနှစ်၊ နိုင်ငံတကာ အကျိုးစီးပွားနှင့် သက်ဆိုင်သော ရွှေ့လျားနိုင်သည့် ပစ္စည်းကိရိယာများဆိုင်ရာ ကွန်ဗင်းရှင်း (ကိပ်တောင်းကွန်ဗင်းရှင်း) နှင့် ယင်းကွန်ဗင်းရှင်း၏ နောက်ဆက်တွဲ လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ ပရိုတိုကောလ် (ကိပ်တောင်းပရိုတိုကောလ်)တို့ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်လာသောကြောင့် ပြည်ထောင်စု လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်များ

၁။ ဤဥပဒေကို ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာသီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာအကျိုးစီးပွားများ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ကွန်ဗင်းရှင်း**ဆိုသည်မှာ ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ကိပ်တောင်းမြို့၌ သဘောတူ အတည်ပြုပြဋ္ဌာန်းသည့် ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာဆိုင်ရာ နိုင်ငံတကာ အကျိုးစီးပွားများ ကွန်ဗင်းရှင်းကို ဆိုသည်။

(ခ) **နောက်ဆက်တွဲပရိုတိုကောလ်**ဆိုသည်မှာ ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ကိပ်တောင်းမြို့၌ သဘောတူ အတည်ပြု ပြဋ္ဌာန်းသည့်လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာဆိုင်ရာ နိုင်ငံတကာ အကျိုးစီးပွားများ ကွန်ဗင်းရှင်း၏ နောက်ဆက်တွဲ ပရိုတိုကောလ်ကို ဆိုသည်။

(ဂ) **ပထမဇယား**ဆိုသည်မှာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို ဤဥပဒေတွင် ပထမဇယားအဖြစ် အသေးစိတ် ဖော်ပြထားသည့် ဇယားကို ဆိုသည်။

(ဃ) **ဒုတိယဇယား**ဆိုသည်မှာ နောက်ဆက်တွဲ ပရိုတိုကောလ်ပါ ပြဋ္ဌာန်းချက်များကို ဤဥပဒေတွင် ဒုတိယဇယားအဖြစ် အသေးစိတ် ဖော်ပြထားသည့် ဇယားကို ဆိုသည်။

(င) **ကြေညာချက်**ဆိုသည်မှာ ကွန်ဗင်းရှင်းအရ ဖြစ်စေ၊ နောက်ဆက်တွဲ ပရိုတိုကောလ်အရ ဖြစ်စေ ဝန်ကြီးဌာနက ပြည်ထောင်စု အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့်ပြုလုပ်သော ကြေညာချက်ကို ဆိုသည်။

(စ) **လေယာဉ်ပစ္စည်းကိရိယာများ**ဆိုသည်မှာ နောက်ဆက်တွဲ ပရိုတိုကောလ်၏ အပိုဒ် ၂၊ အပိုဒ်ခွဲ (ဂ)တွင် အဓိပ္ပာယ် ဖွင့်ဆိုထားသည့်အတိုင်း လေယာဉ်ကိုယ်ထည်များ၊ လေယာဉ်အင်ဂျင်များနှင့် ရဟတ်ယာဉ်များကို ဆိုသည်။

(ဆ) **တရားရုံး**ဆိုသည်မှာ ကွန်ဗင်းရှင်း အပိုဒ် ၁၊ အပိုဒ်ခွဲ (ဇ) ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်အလို့ငှာ ကွန်ဗင်းရှင်းအပိုဒ် ၁၃ ပါ သက်သာခွင့်များ တောင်းဆိုမှုနှင့် စပ်လျဉ်း၍ စီရင်ပိုင်ခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်ကို သော်လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သီးခြားစီရင်ပိုင်ခွင့် အာဏာအပ်နှင်းသော တရားရုံးတစ်ခုခုကို သော် လည်းကောင်း၊ တည်ဆဲဥပဒေအရ တည်ထောင်သည့် အနုညာတ ခုံသမာဓိရုံးတစ်ခုခုကို သော်လည်းကောင်း ဆိုသည်။

(ဇ) **ကြွေးမြီရှင်**ဆိုသည်မှာ ကွန်ဗင်းရှင်း အပိုဒ် ၁၊ အပိုဒ်ခွဲ (ဈ) တွင် အဓိပ္ပာယ် ဖွင့်ဆိုထားသည့်အတိုင်း ငွေကြေး အာမခံချက် သဘောတူညီချက်အရ ကြွေးမြီရပိုင်ခွင့်ရှိသူကိုသော်လည်းကောင်း၊ ပေးဆပ်ရန် ငွေကြေးချန်ထားသော အရောင်းစာချုပ်အရ စည်းကမ်းချက်ဖြင့်ရောင်းချသူကို သော်လည်းကောင်း၊ အငှားစာချုပ်အရ ငှားရမ်းသူကို သော်လည်းကောင်း ဆိုသည်။

(ဈ) **ကြွေးမြီပေးဆပ်ရမည့်သူ**ဆိုသည်မှာ ကွန်ဗင်းရှင်းအပိုဒ် ၁၊ အပိုဒ်ခွဲ (ည)တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း ငွေကြေး အာမခံချက် သဘော တူညီချက်အရ ကြွေးမြီပေးဆပ်ရမည့်သူကို သော်လည်းကောင်း၊ ပေးဆပ်ရန် ငွေကြေးချန်ထားသော အရောင်းစာချုပ်အရ စည်းကမ်းချက်ဖြင့် ဝယ်ယူသူကိုသော်လည်းကောင်း၊ အငှားစာချုပ်အရ အငှားယူသူကိုသော်လည်းကောင်း၊ မှတ်ပုံတင်နိုင်သည့် သဘောမတူသော အခွင့်အရေး သို့မဟုတ် အကျိုးစီးပွားဖြင့် ပစ္စည်းတစ်ခုခုတွင် အကျိုးအမြတ် ပေးဆပ်ရန် တာဝန်ရှိသောသူကို သော်လည်းကောင်းဆိုသည်။

(ည) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ပို့ဆောင်ရေး ဝန်ကြီးဌာနကို ဆိုသည်။

(ဋ) **ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့**ဆိုသည်မှာ ကွန်ဗင်းရှင်း အပိုဒ် ၁၇၊ အပိုဒ်ခွဲ (၁) ကို အထောက်အထားပြု၍ ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲ ပရိုတိုကောလ်တို့ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြီးကြပ်ကွပ်ကဲနိုင်ရန် ဤဥပဒေ ပုဒ်မ ၅ အရ ဖွဲ့စည်းသော အာဏာပိုင်အဖွဲ့ကို ဆိုသည်။

(ဌ) **မှတ်ပုံတင်အရာရှိ**ဆိုသည်မှာ ကွန်ဗင်းရှင်း အပိုဒ် ၁၇၊ အပိုဒ်ခွဲ (၂) ကို အထောက်အထားပြု၍ ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲ ပရိုတိုကောလ်တို့ပါ မှတ်ပုံတင်လုပ်ငန်းများကို ဆောင်ရွက်ရန် ဤဥပဒေ **ပုဒ်မ ၆၊ ပုဒ်မခွဲ (ခ)** အရ ခန့်အပ်တာဝန်ပေးခြင်း ခံရသော အရာရှိကိုဆိုသည်။

အခန်း (၂)

ကွန်ဗင်းရှင်းနှင့်နောက်ဆက်တွဲ ပရိုတိုကောလ်တို့ ဥပဒေအာဏာသက်ရောက်ခြင်း

၃။ ပုဒ်မ ၄ ပါ ပြည်ထောင်စုအစိုးရအဖွဲ့ သို့မဟုတ် ပြည်ထောင်စု အစိုးရအဖွဲ့၏ အတည်ပြုချက်အရ ကွန်ဗင်းရှင်း သို့မဟုတ် နောက်ဆက်တွဲ ပရိုတိုကောလ်နှင့်အညီ ပြုလုပ်ထားသည့် ကြေညာချက်များကို အထောက်အထားပြု၍ ပထမဇယားဖြင့် ဖော်ပြထားသော ကွန်ဗင်းရှင်းနှင့် ဒုတိယဇယားဖြင့် ဖော်ပြထားသော နောက်ဆက်တွဲ ပရိုတိုကောလ်တို့ပါ ပြဋ္ဌာန်းချက်များသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ဤဥပဒေ၏ အစိတ်အပိုင်း တစ်ရပ်အဖြစ် ဥပဒေကဲ့သို့ အာဏာသက်ရောက်စေရမည်။

၄။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် -

(က) ကွန်ဗင်းရှင်းကိုဖြစ်စေ၊ နောက်ဆက်တွဲ ပရိုတိုကောလ်ကို ဖြစ်စေ အဖွဲ့ဝင်အဖြစ် သဘောတူလက်ခံသည့်အချိန်တွင် ထို ကွန်ဗင်းရှင်း သို့မဟုတ် နောက်ဆက်တွဲ ပရိုတိုကောလ်ပါ ပြဋ္ဌာန်းချက်များအားလုံးကို သော်လည်းကောင်း၊ တစ်စိတ် တစ်ဒေသကိုသော်လည်းကောင်း အကျိုးသက်ဆိုင်ခြင်းနှင့် စပ်လျဉ်း၍ လိုအပ်ပါက ကြေညာချက်များ ပြုလုပ်နိုင်သည်။

(ခ) ကွန်ဗင်းရှင်းကိုဖြစ်စေ၊ နောက်ဆက်တွဲ ပရိုတိုကောလ်ကို ဖြစ်စေ အဖွဲ့ဝင်အဖြစ် သဘောတူလက်ခံပြီးနောက် အဆိုပါပြဋ္ဌာန်းချက်များ အကျိုးသက်ဆိုင်ခြင်းနှင့် စပ်လျဉ်း၍ လိုအပ်ပါက နောက်ဆက်တွဲ ကြေညာချက်များ ထပ်မံပြုလုပ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ ကြေညာချက်များကို ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲ ပရိုတိုကောလ်တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြန်လည်ရုပ်သိမ်းနိုင်သည်။

အခန်း (၃)

ကြီးကြပ်ရေး အာဏာပိုင်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် မှတ်ပုံတင်အရာရှိ ခန့်အပ်ခြင်း

၅။ ပြည်ထောင်စု အစိုးရအဖွဲ့သည် -

(က) ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲ ပရိုတိုကောလ်တို့ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြီးကြပ်ကွပ်ကဲနိုင်ရန် ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ပါဝင်စေလျက် အခြားသင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့ ဖွဲ့စည်းရာတွင် အတွင်းရေးမှူးကို ထည့်သွင်းသတ်မှတ်၍ ဖွဲ့စည်းရမည်။ လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ် တာဝန်ပေးနိုင်သည်။

(ဂ) ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့သည် ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲ ပရိုတိုကောလ်တို့၌ ပါရှိသော -

(က) တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ပိုင်ခွင့် ရှိစေရမည်။

(ခ) မှတ်ပုံတင်လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနမှ သင့်လျော်သော အရာရှိတစ်ဦးကို မှတ်ပုံတင်အရာရှိ အဖြစ် ခန့်အပ်တာဝန်ပေးရမည်။

၇။ ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့နှင့်မှတ်ပုံတင်အရာရှိတို့သည် ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲ ပရိုတိုကောလ်တို့ပါ အထူးအခွင့်အရေးနှင့် ကင်းလွတ်သက်သာခွင့်များကို ခံစားခွင့် ရှိစေရမည်။

အခန်း (၄)

အထွေထွေ

၈။ တည်ဆဲဥပဒေများတွင် မည်သို့ပင် ပါရှိစေကာမူ ပထမဇယားနှင့် ဒုတိယဇယားတို့၌ ဖော်ပြထားသော ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲ ပရိုတိုကောလ်တို့ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သမျှ ဤဥပဒေ အရသာလျှင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၉။ ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများကို ဖြစ်စေ၊ လေယာဉ်ပစ္စည်းကိရိယာများကိုဖြစ်စေ အပေါင်အနှံပြုလုပ်ခြင်း သို့မဟုတ် ကြွေးမြီတာဝန်ရှိခြင်းနှင့် စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ မှတ်ပုံတင်ပါက မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၁၀၉ နှင့် ပုဒ်မ ၁၀၉-ကတို့ပါ ထိုကိစ္စအတွက် မှတ်ပုံတင်ရန် ပြဋ္ဌာန်းချက်များသည် သက်ဆိုင်ခြင်း မရှိစေရ။

၁၀။ သက်ဆိုင်ရာ တရားရုံးသည် ကြွေးမြီရှင်က ကြွေးမြီပေးဆပ်ရမည့်သူ အပေါ် သက်သာခွင့် တောင်းဆိုမှုများနှင့် စပ်လျဉ်း၍ တည်ဆဲ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေနှင့် လူမွဲစာခံခြင်း အက်ဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ကြွေးမြီပေးဆပ်ရမည့်သူက ကုမ္ပဏီကို စာရင်းရှင်းလင်း ဖျက်သိမ်းသည့်အခါတွင် ဖြစ်စေ၊ လူမွဲစာခံယူသည့်အခါတွင် ဖြစ်စေ ဤဥပဒေပါ ကွန်ဗင်းရှင်းနှင့်နောက်ဆက်တွဲ ပရိုတိုကောလ်တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီသာလျှင် စီရင်ဆုံးဖြတ်ရမည်။

၁၁။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ညီညွတ်မှုမရှိသော သို့မဟုတ် ဆန့်ကျင်ကွဲလွဲသော ပြဋ္ဌာန်းချက်များကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များက လွှမ်းမိုးစေရမည်။

၁၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော **နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို** ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့၊ ဝန်ကြီးဌာနနှင့် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်သူအများသိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

အပူဒဏ်ကြောင့် ငါးသေဆုံးမှု နှိုးဆော်ချက်

- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ထောင်လျက်ကူးခြင်း၊ ကမ်းစပ်သို့စုပြုံလာခြင်းမျိုးရှိပါက ကန်အတွင်းသို့ ရေသွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များ မောင်းပေးခြင်း၊ လေမှုတ်ပေးခြင်းစသည့် နည်းလမ်းများ ရေတွင် ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေးဆောင်ရွက်ပေးရန်။
- ရေငွေ့ပျံခြင်းကြောင့်ကန်ထဲတွင်ရေလျော့နည်းကျဆင်းလာခြင်း၊ ကန်ထဲရှိ ငါးများ၏ စွန့်ပစ်အညစ်အကြေးများနှင့် စားကြွင်းစားကျန်များကြောင့် အမိုးနီးယားပါဝင်မှုနှုန်းမြင့်တက်လာစေနိုင်သဖြင့် ရေလျော့နည်းခြင်းကို ဂရုစိုက်ရမည်ဖြစ်ပြီး ရေလျော့နည်းခြင်းကြောင့် ကန်ထဲရှိငါးများတွင် ရောဂါကျရောက်တတ်ပါသဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်း နှင့်ငါးထည့်သွင်းမွေးမြူမှုနှုန်းကိုလည်း လျှော့ချရန်။
- ငါးမွေးမြူရေးကန်များ အပူချိန်ကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။
- အပူချိန်မြင့်ပြည့်အချိန်များဖြစ်သည့်နေ့လယ်ပိုင်းတွင် ငါးများ ကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရောင်အသွေးသတ်မှတ်ချက်များဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀)စင်တီမီတာအတွင်းရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ် အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေ ရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေမည့် ကဇော်ဖတ်၊ ဝါဇော်ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များရှိ / မရှိကို ပုံမှန်စစ်ဆေးရန်။
- မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက် ၆ နာရီတွင် ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

ငါးလုပ်ငန်းဦးစီးဌာန
မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

၁၉၅၁ ခုနှစ် ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

၁၉၅၁ခုနှစ် ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေကို
ပြင်ဆင်သည့်ဥပဒေကြမ်း

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၇၅ ခုနှစ်၊ လ ရက်
(၂၀၁၄ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ၁၉၅၁ ခုနှစ် ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေတွင် -

(က) ပုဒ်မ ၁၊ ပုဒ်မခွဲ (၂)ကိုအောက်ပါအတိုင်း အစားထိုးရမည်-

"(၂) ဤဥပဒေသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝှမ်းလုံးတွင် အာဏာတည်စေရမည့်အပြင် အလုပ်အမျိုးအစား၊ လုပ်ငန်းအမျိုးအစား၊ အလုပ်ဌာနအမျိုးအစားအားလုံးနှင့် သက်ဆိုင်စေရမည်။"

(ခ) ပုဒ်မ ၂၊ ပုဒ်မခွဲ (၂) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၂) **ခွင့်ရက်**ဆိုသည်တွင် လုပ်သက်ခွင့်ရက်၊ ရှောင်တခင်ခွင့်ရက်၊ ဆေးလက်မှတ်ခွင့်ရက်နှင့် မီးဖွားခွင့်ရက်တို့ ပါဝင်သည်။"

(ဂ) ပုဒ်မ ၂၊ ပုဒ်မခွဲ (၄) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၄) **အလုပ်သမား**ဆိုသည်မှာ နေ့စားအလုပ်သမား၊ ယာယီအလုပ်သမားနှင့် အမြဲတမ်းအလုပ်သမား အပါအဝင် စီးပွားရေးလုပ်ငန်းတစ်ခုတွင် ဖြစ်စေ၊ အသက်မွေးဝမ်းကျောင်းအတွက်ဖြစ်စေ မိမိ၏လုပ်အားအပေါ် အားကိုးအားထားပြု လုပ်ကိုင်နေသူကိုဆိုလိုသည်။ သို့ရာတွင် အောက်ပါတို့မပါဝင်ချေ"

(က) ကိုယ်ပိုင်အလုပ်ကို သို့မဟုတ် ကိုယ်ပိုင်စက်မှုလက်မှုလုပ်ငန်းကို သို့မဟုတ် စီးပွားရေးလုပ်ငန်းကို သို့မဟုတ် ကိုယ်ပိုင်အလုပ်ဌာနကို လုပ်နေသည့် အလုပ်ရှင်ဖြစ်လျှင် ထိုအလုပ်ရှင်၏ အိမ်ထောင်စုသားများ၊

(ခ) အလုပ်ကဖြစ်စေ၊ စက်မှုလက်မှုလုပ်ငန်းကဖြစ်စေ၊ သို့မဟုတ် စီးပွားရေးလုပ်ငန်းကဖြစ်စေ၊ အလုပ်ဌာနကဖြစ်စေ ရရှိသောအမြတ်အစွန်းထဲမှ အခကြေးငွေကို မိမိ၏ဝေစုအဖြစ်ဖြင့် ရရှိသူများ၊

(ဂ) ထမင်းချက်၊ အိမ်သန့်ရှင်းရေး၊ ကလေးထိန်းနှင့် အစောင့်၊

(ဃ) အခြားတည်ဆဲ ဥပဒေတစ်ရပ်ရပ်အရ အကြောင်းအားလျော်စွာ အခကြေးငွေနှင့်သော်လည်းကောင်း၊ လစာငွေနှင့်သော်လည်းကောင်း ပေးရန်ပြဋ္ဌာန်းထားသည့် ခွင့်ရက်နှင့် အလုပ်ပိတ်ရက်များ ရရှိသော နိုင်ငံ့ဝန်ထမ်းများ၊

ရှင်းလင်းချက်။ "အလုပ်ရှင်၏အိမ်ထောင်စုသား"ဆိုသည်မှာ အလုပ်ရှင်၏ မိဘ၊ ခင်ပွန်း၊ ဇနီး၊ သားသမီး၊ ညီအစ်ကို(အရင်း)၊ ညီအစ်မ(အရင်း)နှင့် မောင်နှမ (အရင်း) တို့ကို ဆိုသည်။"

(ဃ) ပုဒ်မ ၂၊ ပုဒ်မခွဲ (၇) ၌ပါရှိသော **မှတ်ပုံဝင်ဆရာဝန်**ဆိုသည့် စကားရပ်ကို **မှတ်ပုံတင်ဆရာဝန်**ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံ **ဘယဆေးဆိုင်ရာအက်ဥပဒေ**ဆိုသည့် စကားရပ်ကို **မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ ဥပဒေ**ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ **နိုင်ငံတော်သမတ**ဆိုသည့် စကားရပ်ကို **ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး**ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီး အစားထိုးရမည်။

(င) ပုဒ်မ ၂၊ ပုဒ်မခွဲ (၈) ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(၈) **အလုပ်ပိတ်ရက်**ဆိုသည်မှာ ရက်သတ္တပတ် အလုပ်ပိတ်ရက်နှင့်အများပြည်သူအလုပ်ပိတ်ရက်တို့ကိုဆိုသည်။"

၃။ ၁၉၅၁ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ (၁) နှင့် ပုဒ်မခွဲ (၂) တို့၌ ပါရှိသော **အများအလုပ်ပိတ်ရက်**ဆိုသည့် စကားရပ်ကို **အများပြည်သူအလုပ်ပိတ်ရက်**ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ၁၉၅၁ခုနှစ် ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ(၁) ၌ ပါရှိသော **ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ အစိုးရရုံးများအတွက် ရုံးပိတ်ရက်များ**ဆိုသည့် စကားရပ်ကို **ပြည်ထောင်စုအစိုးရအဖွဲ့မှ အမိန့်ကြော်ငြာစာဖြင့် နှစ်စဉ်ထုတ်ပြန်ကြေညာသည့် အများပြည်သူ အလုပ်ပိတ်ရက်များဆိုသည့်** စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ(၃)၏ နောက်တွင် ပုဒ်မခွဲ(၄) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(၄) အလုပ်ရှင်သည် အလုပ်သမားများအား ရက်သတ္တပတ်လျှင် တစ်ရက်ထက် မနည်းသော ရက်သတ္တပတ် အလုပ်ပိတ်ရက်ကို စီစဉ်ဆောင်ရွက်ပေးရမည်။ ရက်သတ္တပတ်တွင် တနင်္ဂနွေနေ့ကိုသော်လည်းကောင်း၊ အလုပ်ရှင်နှင့်အလုပ်သမားများ သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းတို့ ကြိုတင်သဘောတူညီမှုဖြင့် ရက်သတ္တပတ်တွင် အခြားနေ့ရက် တစ်ရက်ရက်ကိုသော်လည်းကောင်း ရက်သတ္တပတ် အလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ရမည်။"

၆။ ၁၉၅၁ ခုနှစ် ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(၂)၌ ပါရှိသော **မှတ်ပုံဝင်ဆရာဝန်**ဆိုသည့်စကားရပ်ကို **မှတ်ပုံတင်ဆရာဝန်**ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ၁၉၅၁ခုနှစ် ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(၃) ကို ပယ်ဖျက်ရမည်။

၈။ ၁၉၅၁ ခုနှစ် ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ ၇ ၏ နောက်တွင် ပုဒ်မ ၇-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၇-က။ ကိုယ်ဝန်ဆောင် အမျိုးသမီးအလုပ်သမားများအား မီးမဖွားမီ ရက်သတ္တပတ် (၆)ပတ်နှင့် မီးဖွားပြီး ရက်သတ္တပတ် (၈)ပတ်ကို သက်ဆိုင်ရာ အခကြေးငွေနှင့်ဖြစ်စေ၊ လစာငွေနှင့်ဖြစ်စေ မီးဖွားခွင့်ရက်အဖြစ်ဖြင့် ခွင့်ပြုရမည်။ မီးဖွားခွင့်ရက်ကို ဆေးလက်မှတ်ခွင့်ရက်နှင့် ဆက်စပ်ခံစားခွင့်ပြုနိုင်သည်။"

၉။ ၁၉၅၁ ခုနှစ် ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေ ပုဒ်မ၁၂၊ ပုဒ်မခွဲ (၂) ၌ ပါရှိသော **နိုင်ငံတော်သမတ**ဆိုသည့်စကားရပ်ကို **အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး**ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

၁၀။ ၁၉၅၁ ခုနှစ် ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေပုဒ်မ၁၃ ၌ပါရှိသော **နိုင်ငံတော်သမတ**ဆိုသည့်စကားရပ်ကို **ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး** ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

၁၁။ ၁၉၅၁ ခုနှစ် ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ ၁၇ ကို ပယ်ဖျက်ရမည်။

၁၂။ ၁၉၅၁ ခုနှစ် ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေ ပုဒ်မ ၁၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနသည်-

(က) လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုထုတ်ပြန်နိုင်သည်။"

၁၃။ ၁၉၅၁ ခုနှစ် ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေပါ ဇယားကို ပယ်ဖျက်ရမည်။

ပြည်သူအများသိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး
ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း

(၂၀၁၄ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၇၅ ခုနှစ်၊ လ ရက်
(၂၀၁၄ ခုနှစ်၊ လ ရက်)

၁။ ဤဥပဒေကိုအလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟုခေါ်တွင်စေရမည်။

၂။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၀၏ ခြေဆင်းစကားရပ်နှင့် ပုဒ်မခွဲ(က)တို့ကိုအောက်ပါအတိုင်းအစားထိုးရမည် -

"၁၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်အပါအဝင်ပြည်ထောင်စုနယ်မြေတစ်ခုခု၏ကောင်စီသို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော်အပါအဝင် ပြည်ထောင်စုနယ်မြေတစ်ခုခု သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်များတွင် အငြင်းပွားမှုညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်"-

(က) "သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ဥက္ကဋ္ဌ ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော် အပါအဝင် ပြည်ထောင်စုနယ်မြေတစ်ခုခု၏ ကောင်စီ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ကတာဝန်ပေးအပ်သူတစ်ဦး"

၃။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၃ကိုအောက်ပါအတိုင်းအစားထိုးရမည် -

"၁၃။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော် သို့မဟုတ် ပြည်ထောင်စုနယ်မြေတစ်ခုခုကောင်စီ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များဖွဲ့စည်းခြင်း၊ လုပ်ငန်းတာဝန်များသတ်မှတ်ခြင်းနှင့် ယင်းတို့ကိုပြင်ဆင်ခြင်းအပါအဝင် အခြားလိုအပ်သည့် ကိစ္စရပ်များအားဆောင်ရွက်ရမည်။"

၄။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၆ ပုဒ်မခွဲ(ခ) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ခ) ဝန်ကြီးဌာနသည် နေပြည်တော်အပါအဝင် ပြည်ထောင်စုနယ်မြေတစ်ခုခု သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အငြင်းပွားမှုဖြေရှင်းရေးခုံသမာဓိအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းနိုင်သည်။"

၅။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၄၃ ၏နောက်တွင်ပုဒ်မ ၄၃-က အဖြစ်အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"၄၃-က။ ပုဒ်မ ၃၇ပါ လိုက်နာရန်တာဝန်ရှိသူမည်သူမျှ ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံသမာဓိကောင်စီ၏အတည်ဖြစ်ပြီးသည့် ဆုံးဖြတ်ချက်ကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိစေရ။"

၆။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၄၆ တွင်ပါရှိသော "ငွေဒဏ်အနည်းဆုံးကျပ်တစ်သိန်းချမှတ်ရမည်" ဆိုသည့် စကားရပ်ကို"သုံးလထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၄၇ တွင်ပါရှိသော "ငွေဒဏ် ကျပ်သုံးသောင်းအထိချမှတ်နိုင်သည်" ဆိုသည့် စကားရပ်ကို "ခြောက်လထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၄၈ တွင်ပါရှိသော "ငွေဒဏ် အနည်းဆုံးကျပ်တစ်သိန်းချမှတ်ရမည်" ဆိုသည့် စကားရပ်ကို "ခြောက်လထက်မပိုသောထောင်ဒဏ် ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၄၈ ၏နောက်တွင် ပုဒ်မ ၄၈-က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"၄၈-က။ ပုဒ်မ ၃၇ ပါ လိုက်နာရန်တာဝန်ရှိသူမည်သူမဆိုပုဒ်မ ၄၃-က ပါ တားမြစ်ချက်ကိုဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုတစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ လျော်ကြေးပေးထိုက်သည့် အကြောင်းပေါ်ပေါက်ပါက အဆိုပါချမှတ်သည့် ငွေဒဏ်မှသင့်လျော်သောငွေကိုလျော်ကြေးအဖြစ် နစ်နာသူအား ထုတ်ပေးရမည်။"

ပြည်သူအများသိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးရန်ကင်းကွာ လွန်ချမ်းသာ

ကြော်ငြာ

KBZBank(AccountNo.00730200701690301)

